www.burmeseclassic.com

# မောင်ရမျိုး

ချင်းချောင်းခြံ

## အချစ်သီဆိုရာသီချင်း



BURMESE CLASSIC

www.burmeseclassic.com

Design Han Soe

www.burmeseclassic.com

အင်ပါယာ
စာပေ

EMPIRE
PUBLISHING CENTER

BURMESE CLASSIC

# အင်ပါယာ
## စာပေ

■ တိုက် ၂၁၊ အခန်း ၁၁
စီးပွားကူးသန်းဝန်ထမ်းအိမ်ယာ
ဦးဝိစာရလမ်း၊ မြောက်ဒဂုံ။
ဖုန်း - ၇၂၄၂၃၃
P.O. Box -234

■ တိုက် ၉၊ တတိယထပ် (ခ)
ယုဇနလမ်း၊ စစ်ဝေးငြိမ်းရိပ်မွန်
ယုဇနဥယျာဉ်မြို့တော်။
ဖုန်း - ၅၄၃၂၆၅

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ
ဦးနိုင်မျိုးထွန်း (အင်ပါယာစာပေ)
တိုက် ၂၁၊ အခန်း ၁၁
စီပွားကူးသန်းဝန်ထမ်းအိမ်ယာ
ဦးဝိစာရလမ်း၊ မြောက်ဒဂုံ။

ပုံနှိပ်သူ
ဦးမောင်မောင်လွင် (ကဝိရတနာအော့(ဖ်)စက်)
၂၀၄၊ လမ်း ၃၀၊ ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် - [illegible]၃(၆)

မျက်နှာဖုံးခွင့်ပြုချက် - ၆၇၉/၂၀၀၃(၆)

ထုတ်ဝေခြင်း - ပထမအကြိမ် ၂၀၀၃၊ ဇူလိုင်လ

အုပ်ရေ ၊ တန်ဘိုး - ၅၀၀ ၊ ၁၀၀ ကျပ်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ချစ်သော ကျွန်တော့်သီတာစိကို မောင်နှမ ခွေချိုးသားချင်း (စာပေကော်ပိုရိုသတ်)များနှင့်၊ စကားပြောစရာ သီးသန့်နေရာ မရှိသဖြင့်၊ ဤစာမျက်နှာမှ နေ၍၊ ကျွန်တော် ရင်းနှီးစွာ စကားပြောလိုက်ရပါသည်။

ကျွန်တော် နေမကောင်း ဖြစ်နေပါသည်။ (ကျွန်တော့်ကာယေလည်း နေမကောင်း ဖြစ်နေပါသည်။ ဘယ်လို ကာရင်သွားမလဲ၊ မသိပါ)။ နေမကောင်းဘူး ...ဟု ဆိုသော်လည်း အိပ်ရာထဲ လဲနေသည့်ရောဂါ မဟုတ်သဖြင့်၊ သက်သာတဲ့ အချိန်မှာ ...အလုပ်တွေ လုပ်နေချင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆေးချုပ်များတွေ ရင်ထဲရှိသမျှ ရေးထုတ်နေချင်ပါသည်။ ကောင်းကာ [illegible] ချင်ခဲ့သော့ပါ။ ရင်ဘတ်တို့၏၊ ခေါင်းခေါက်၏၊ ရေးသားနေခဲ့ပါသည်။ "ကချွစ်သီဆိုရာသီချင်း" သည် ရေးချင်၏ ရေးလိုက်ခြင်းသာ ဖြစ်သော သာမန် ဝတ္ထုငယ်တစ်ပုဒ်သာ ဖြစ်နေပါလိမ့်မည်။ သိပ်ညံ့နေမည်ဆိုလျှင် ကျွန်တော့်ကို များများခွင့်လွှတ်ပေးစေလိုပါသည်။

နေမကောင်းရင်း၊ စိတ်ပြေလက်ပျောက် ရေးချင်စိတ်ပေါက်စဉ်နှင့် ရေးချင်သလို ရေးလိုက်မိသော ဝတ္ထုဖြစ်ပါသည်။

ကျွန်တော့်ကို သရာဝန် ( ၂ ) ယောက် ကုသပါသည်။ ( ၁ ) ယောက်က နှလုံးရောဂါ ...ဟု ယူဆသည့်အပြင် လေးဘက်နာရောဂါ ...ဟုပါ တွေ့ရှိသဖြင့်၊ ထိုရောဂါနှစ်ခုအတွက် ကုသပါသည်။ နောက်သရာဝန် ( ၁ ) ယောက်က,တော့ နှလုံးရောဂါ၊ လေးဘက်နာဝေဒနာတွေ မဟုတ်။ "စိတ်ဖိစီးမှုရောဂါ" ...ဟု အမည်တပ် ...ကုသ ပေးနေပြန်ပါသည်။

ဘယ်သရာဝန် မှန်သလဲ ကျွန်တော် မသိပါ။ နေမကောင်းဖြစ် နေရတာကတော့ ကျွန်တော် ဖြစ်ပါသည်။ သရာဝန်ချင်း တူပါလျက် သုံးသပ်ချက်ချင်း ကွဲပြားကြတာ အံ့ဩစရာကောင်းပါသည်။ ဘာပဲဖြစ်ဖြစ်၊ ကျွန်တော် မသောင်

www.burmeseclassic.com

www.burmeseclassic.com

...ရင်ထဲ စိတ်ထဲ ရှိတာတွေတော့ ရေးသွား ...ပေးသွားချင်ပါသေးသည်။ (သေသွားတော့လည်း ကံပဲပေါ့)။

နောက်တစ်ခုထပ်ပြီး နူးနူးညွတ်ညွတ် တောင်းပန်ချင်တာက၊ 2003 ခု *April, May,* တစ်ဝိုက် ရောက်ရှိလာကြသော အနယ်နယ်အရပ်ရပ်မှ၊ ကျွန်တော့် ညီအစ်ကိုမောင်နှမများ၏ စာတွေကို၊ ဖတ်ရုံသာဖတ်ဖြစ်ပြီး ပြန်စာ ရေးဖို့ ကျွန်တော် ပျက်ကွက်ခဲ့ပါသည်။

ကျွန်တော့် ကျန်းမာရေးကြောင့်သာ ဖြစ်ပါသည်။ ယင်းကိစ္စနှင့် ပတ်သက်ပြီး အားလုံးကို ကျွန်တော် ဤစာမျက်နှာမှနေ၍၊ တောင်းပန်လိုက်ပါရစေ။

သည် ...အခုစာ ရေးနေချိန်အထိ၊ ကျွန်တော် ဆေးကုသမှု ခံယူနေဆဲ ဖြစ်ပါသည်။ သိပ် အရေးကြီးသော ရောဂါ ...ဟု ပြောရလည်း ရနိုင်ပါသည်။ သေလျှင်လည်း သေသွားနိုင်ပါသည်။ အဲဒါကြောင့်၊ ကျွန်တော့် ပျက်ကွက်မှုတိုင်းအတွက်၊ ကျွန်တော် တောင်းပန်စကားများကိုသာ တဖွဖွ ပြောနေ ဖြစ်ပါလိမ့်မည်။

စာမပြန်ဖြစ်ဘူးဆိုပြီး၊ အကြံပြုစာ ဝေဖန်စာတွေ မရေးဘဲလည်း မနေကြပါနှင့် ...ဟု တောင်းပန်ချင်ပါသည်။ ကျွန်တော် နေကောင်းရင်


www.burmeseclassic.com

www.burmeseclassic.com

ပြန်စာရေးပါမည်။ မရေးဖြစ်သေးတာကိုလည်း ခွင့်လွှတ်စေလိုပါသည်။ ။

အားလုံး ကျန်းမာကြပါစေ ...

လေးစားခင်မင်လျက်



မောင်လှမျိုး (ချင်းချောင်းခြံ)

(ဓာတ်ပုံ - လှမြသာ)

www.burmeseclassic.com

www.burmeseclassic.com

မျိုးသိပ်ထားတာထက်

ဆိုးတယ်။

အံထွက်လာမှာစိုးလို့

ငုံထားခဲ့ရ။



www.burmeseclassic.com

www.burmeseclassic.com



"ဘဝ" ဆိုတာ . . .

အချစ်ရဲ့

လက်ပါးစေလားကွယ်။

အချစ်သီဆိုရာ သီချင်း

ချစ်သူတို့၏ ရင်တွင်းသို့

သက်ဆင်းခိုဝင်နိုင်စေရန်၊

အသံမဲ့ ဂီတ, တစ်ခု

ပြုလုပ်ဖန်ဆင်းပေးတော်မူပါ

ဘုရားသခင် . . .။ ။



www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူ့ကိုမှ ပေးမဖတ်ဖြစ်ခဲ့တဲ့ ကဗျာလေး တစ်ပုဒ်ကို သတိရမိတယ်။ တကယ်ဆို ဒီလိုနေရာမျိုး ကနေ ဒီလိုကဗျာလေးတစ်ပုဒ်ကို စိတ်က, သတိမရ သင့်ဘူး။ ဘာဖြစ်လို့လဲဆိုတော့, အခု ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်နေတဲ့ နေရာက သချိုင်းမြေတစ်ခုရဲ့ ဈာပန အခမ်းအနားတစ်ခုမှာ ဖြစ်နေလို့ပါပဲ။

◈

သေဆုံးသူက မိတ်ကပ်ပညာရှင် မမိုးမိုး . . . ဆိုတဲ့ အမျိုးသမီးတစ်ယောက်ပါ။ ဈာပနအခမ်းအနား က အလွန်စည်ကားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ . . . မမိုးမိုးဟာ ရုပ်ရှင်နဲ့ဗီဒီယို မင်းသမီးတွေကို အလှ ပြင်ပေးတဲ့ ပညာရှင်တစ်ယောက်ဖြစ်တဲ့အပြင်၊ သူ . . . တာဝန်ယူ (အဓိက) ပြင်ဆင်ပေးရတဲ့သူက,လည်း နာမည်ကြီး မင်းသမီး "သက်သက်စိုး" ဖြစ်နေလို့ပါပဲ။

မမိုးမိုးရဲ့ ရုပ်ကလာပ်အနီးမှာ . . . သက်သက် စိုးက မျက်မှန်အနက်တစ်လက်ကို တပ်ဆင်ပြီး တည်



www.burmeseclassic.com

www.burmeseclassic.com



တည်ငြိမ်ငြိမ်လေး ရှိနေပါတယ်။ သက်သက်စိုးရဲ့ ပရိတ်သတ်၊ တခြားနာမည်ကြီး အနုပညာရှင်များစွာရဲ့ ပရိသတ်တွေကြောင့် မမိုးမိုးရဲ့ ဈာပနအခမ်းအနားက စည်ကားနေရခြင်း ဖြစ်ပါတယ်။

ဒီလို အခြေအနေ၊ နေရာဌာနမျိုးမှာ . . . ကျွန်တော့်ရဲ့ အထက်ပါ "အချစ်သီဆိုရာ သီချင်း" ဆိုတဲ့ ကဗျာလေးကို . . . ကျွန်တော် ဘာကြောင့် သတိရလိုက်မိတာလဲ။

အဲဒီကဗျာလေးကို စိတ်နှလုံးထဲက ရွတ်ဆို သတိရလိုက်မိခြင်းရဲ့ အခိုင်ခန့်ဆုံး အကြောင်းရင်းက တော့ ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင် မင်းသမီး သက်သက်စိုးရဲ့ အနီးကပ်ဆုံးနေရာမှာ ကျွန်တော် ရောက်ရှိနေရပြီး၊ သက်သက်စိုးရဲ့ မျက်နှာလေးကို တစ်ချက်လောက် ငဲ့ငေး ကြည့်လိုက်မိခြင်းကြောင့်သာ ဖြစ်ပါတယ်။

သက်သက်စိုးအနေနဲ့ ကျွန်တော့်ကို ဇာတ်



www.burmeseclassic.com

www.burmeseclassic.com


ညွှန်းရေးဆရာ . . . ဝေဇင်အဖြစ်သာ သိထားသူ ဖြစ်ပြီး၊ ကဗျာဆရာ - ဥတ္တရအဖြစ် သိရှိထားခြင်း မရှိပါဘူး။ အရာရာကသာ ခွင့်ပြုမယ်ဆိုရင် သက်သက်စိုးရဲ့နံဘေးကို အနီးဆုံး တိုးကပ်ပြီး၊ ကျွန်တော် . . . ကဗျာဆရာ "ဥတ္တရ" ပါ . . . လို့ သူသိအောင် ပြောပြလိုက်ချင်ပါတယ်။

ဒါမှမဟုတ် . . .

သေဆုံးနေပြီဖြစ်တဲ့ မမိုးမိုးရဲ့ ရုပ်အလောင်းက,သာ ပြန်လည်ရှင်သန်လာမယ်ဆိုရင် . . .

"သက်သက် . . . အဲဒါ နင့်ရဲ့ ကဗျာဆရာ ဥတ္တရ"

. . . လို့ အသိပေး, ပြောပြပေးမှာ အမှန်ပါပဲ။

အရာရာဟာ နောက်ကျခဲ့ပါပြီ မသက်သက်စိုးရယ် . . . လို့ ရင်ထဲက မြည်တ,မိပြီး၊ ရေးဖွဲ့ထားခဲ့ဖူးတဲ့ "အချစ်သီဆိုရာသီချင်း" . . . ဆိုတဲ့ ကဗျာ


www.burmeseclassic.com

www.burmeseclassic.com



လေးကို ကျွန်တော် သတိရလိုက်မိခြင်း ဖြစ်ပါတယ်။

တကယ်တော့ . . .

ဟော့ဒီလောက,ကြီးထဲမှာ သီချင်းတစ်ပုဒ် လောက်တောင် သီဆိုခွင့် ရင်ဖွင့်ခွင့်မရဘဲ ချောင်ကပ် ကွယ်ပ,သွားရတဲ့ အချစ်တွေ အများကြီးပါပဲ။

အဲဒီအများကြီးထဲမှာမှ . . .

ကျွန်တော့်ရဲ့ချစ်ခြင်းတစ်ခုလည်း အခြေ အနေ ရေတိမ်အောက်မှာ နစ်မြုပ်သွားရတော့မှာပါ။

ဘာဖြစ်လို့လဲဆိုတော့ . . .

ရုပ်ရှင်မင်းသမီး သက်သက်စိုးဟာ . . . မကြာ ခင်မှာ တစ်စုံတစ်ယောက်နဲ့ လက်ထပ်တော့မယ့်သူ ဖြစ်ပါတယ်။

ဘာဖြစ်လို့လဲ ဆိုတော့ . . . ကျွန်တော်ဟာ ဟိုး . . . လွန်ခဲ့တဲ့ နှစ်,လ, များစွာကတည်းက . . (သက်သက်စိုး နာမည်မကြီးခင်ကတည်းက) သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ချစ်မြတ်နိုးစိတ် တိုးတိတ် ကြိတ်မှိတ် ခံစားခဲ့ရသူ တစ်ယောက်မို့ပါ။

မမိုးမိုးသာ မသေဆုံးသေးဘူးဆိုရင် . .

အနည်းဆုံးတော့ သက်သက်စိုးဟာ . . .

သူ့ကို ချစ်နေတဲ့ လူတစ်ယောက်လည်းဖြစ်၊ သူ . . . နှစ်သက်တဲ့ ကဗျာဆရာ "ဥတ္တရ" လည်း ဖြစ်တဲ့ ကျွန်တော့်ရင်ထဲက စကားတွေကို ကြားသိတော့မှာ ဖြစ်ပါတယ်။

ဒါပေမဲ့ . . . သိတဲ့အတိုင်းပဲ။

လောက, . . . ဆိုတဲ့ ဇာတ်ဆရာကြီးက အချစ်ကို အကြောင်းပြုပြီး လူတော်တော်များများကို လွမ်းတတ်အောင် လွမ်းရအောင် ဖန်တီးခဲ့တယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



သီချင်းဆိုတာ သီဆိုရင် အသံထွက်လာရစမြဲပါ။

အချစ်ဆိုတဲ့ သီချင်းက,တော့ ရင်ထဲက သီဆိုနေမိသမျှ ဘာအသံမှ ထွက်မလာတဲ့အပြင် ရင်ခွင်ကိုမီးတောက်စေပြန်တယ်။

မီးဆိုတာ အလျှံတညီးညီး၊ တဟည်းဟည်းနဲ့တောက်လောင်ဟုန်းထစေခဲ့ပေမယ့် ရင်တွင်းမှာကျွမ်းတဲ့ မီးကတော့ . . . ဟုန်းဟုန်းထခွင့်မရှိ။ အလျှံတညီးညီး ကြီးမားခွင့်မရှိ။ အသံတဟည်းဟည်းမြည်ဟိန်းခွင့်မရှိ။ အဲဒါကြောင့် . . .

မျိုသိပ်ခြင်းဆိုတာ . . .

အချစ်ရဲ့ . . . ကိုယ်ပိုင်ပစ္စည်းများလားလို့လောကကြီးကို အော်ဟစ်မေးမြန်းလိုက်ချင်တယ်။

◈ ❖◈❖ ◈



www.burmeseclassic.com

www.burmeseclassic.com

# အချစ်သီဆိုရာသီချင်း

မောင်လှမျိုး [ချင်းချောင်းခြံ]

www.burmeseclassic.com

www.burmeseclassic.com

၁၉၉၇

www.burmeseclassic.com

www.burmeseclassic.com

( ၂ )

www.burmeseclassic.com

www.burmeseclassic.com

အဲဒီအချိန်အခါတုန်းက ကဗျာဆရာ ဥတ္တရ ဆိုတာလည်း ကဗျာလောကရဲ့ တကယ့်အကဲတမ်း သေးသေးလေး တစ်ခုပါ။ ဇာတ်ညွှန်းရေးဆရာ ဖြေင် ဖြစ်ဖို့ ကျပြန်တော့လည်း ရုပ်ရှင်/ဗီဒီယို ကုမ္ပဏီတွေ



www.burmeseclassic.com

www.burmeseclassic.com



ဆီကို တိုယ်တိုင်သွားပြီး ကိုယ့်ဇာတ်လမ်းအကျဉ်းလေး ပြော သွားပြ၊ သူတို့အပ်တဲ့ ဇာတ်လမ်းတွေကို ဆယ်ခါ တစ်ခါ လက်ခံ ညွှန်းခွဲနေရတဲ့၊ နာမည်မရသေးတဲ့ အချိန်ကာလ, ပါ။

အဲဒီ အချိန်အခါတုန်းက,ပါပဲ။

ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင် သက်သက်စိုး ဆို တာလည်း လက်ညှိုးညွှန်ရာ ငွေမဖြစ်သေးတဲ့ အချိန်ပါ။ သူလည်း . . . သူချစ်တဲ့ အနုပညာအတွက် ရုန်းထ, ကြိုးပမ်းနေဆဲအချိန်ပေါ့။

◈

အဲဒီနေ့ကလေးကို ကျွန်တော် မှတ်မိပါတယ်။

ကျွန်တော်နဲ့ ကျွန်တော့်သူငယ်ချင်း ကျော်



www.burmeseclassic.com

www.burmeseclassic.com



သိန်းက ကုမ္ပဏီတစ်ခုမှာ . . . ဇာတ်ညွှန်းတစ်ပုဒ် လာအပ်တဲ့ အချိန်။ သက်သက်စိုးနဲ့ သူ့မိခင်တို့ ရောက်လာကြပါတယ်။ သူက,လည်း ကုမ္ပဏီကို သရုပ်ဆောင်ခလာထုတ်တဲ့အချိန်ပါ။ {အခုလက်ရှိ အခြေအနေကတော့ . . . သူ့ သရုပ်ဆောင်ခ (အနုပညာကြေး) ကို ကုမ္ပဏီတွေက သူ့ဆီကို ကိုယ်တိုင်ကိုယ်ကျ သွားပေးနေရတဲ့ အချိန်အခါ အခြေအနေ ရောက်နေပြီလေ}။

သက်သက်စိုး သိပ်လှတယ်ဆိုတာ . . . အားလုံး သိပါတယ်။ သူ သိပ်လှတယ်ဆိုပေမယ့် . . . ကျွန်တော် သူ့ကို တစ်ချက်ပဲ ငဲ့ကြည့်ဖူးပါတယ်။ အဲဒီ ငဲ့ကြည့်ဖူးခဲ့တဲ့ တစ်ကြိမ်တစ်ခါလေးဟာ ကျွန်တော့်ရင်ထဲမှာ . . .

တစ်သက်စာ အလွတ်ကျက်ဖြစ်ခဲ့တာပါ။

"ဒါ . . . သက်သက်

သရုပ်ဆောင်မယ့် ဇာတ်လမ်းကို



www.burmeseclassic.com

www.burmeseclassic.com



ဖာတ်ညွှန်းခွဲတဲ့ . . . ဝေဇင်တဲ့"

ကုမ္ပဏီပိုင်ရှင်က မိတ်ဆက်ပေးပါတယ်။ ကျွန်တော့်ကို သက်သက်စိုးက ပြုံးပြနှုတ်ဆက်ပါတယ်။ ကျွန်တော်လည်း ပြုံးပြနှုတ်ဆက်ပါတယ်။

အဲဒါ . . . ကျွန်တော့်ရဲ့ တစ်သက်စာ တဒင်္ဂ အချိန်ကာလ,လေး တစ်ခုပါ။

ဒါပေမဲ့ . . . ဘယ်တော့မှ မမေ့တဲ့ နေ့ကလေး တစ်နေ့ပါပဲ။

◈

တစ်ချိန်ချိန်မှာ သူ . . အောင်မြင် ကျော်ကြားတဲ့ သရုပ်ဆောင်မင်းသမီးတစ်ယောက် ဖြစ်လိမ့်မယ်ဆိုတာ ကျွန်တော် သိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



. . . သက်သက်စိုးဟာ ရုပ်လှတာ တစ်ခုတည်းတွင် မဟုတ်ပါဘူး။

စကားသံလေးက, အစ နှုးညံ့သိမ်မွေ့ပါတယ်။ တခြားသရုပ်ဆောင်တွေလို မင်းသမီးတစ်ယောက်လို မနေထိုင်ပါဘူး။ ချစ်စရာ . . . ကလေးငယ်လေး တစ်ယောက်လို ပြောဆိုနေထိုင်တတ်သူပါ။ မျက်နှာ လေးကိုက သိပ်လှတာပဲဆိုတဲ့ အရည်အသွေးအပြင် ချစ်စရာ ကရုဏာသက်စရာ ဖြစ်နေစေတဲ့ မျက်နှာ မျိုးလေးပါ။ ပြီးတော့ . . . သူက အချိန်တိုင်း ကြိုးစား နေတဲ့သူလို့ ကျွန်တော် မြင်တွေ့ ကြားသိနေရပါတယ်။

ကျွန်တော်က . . ဇာတ်ညွှန်းရေးဆရာ . . . ဝေဇင်အဖြစ်သာ လူတွေကို အသိပေးထားပြီး ကဗျာ ဆရာ "ဥတ္တရ" အဖြစ်ကိုတော့ လျှို့ဝှက်စွာ မြတ်နိုး သိမ်းဆည်းထားဖြစ်သူပါ။

ပွင့်ပွင့်လင်းလင်း ဝန်ခံရရင် ဇာတ်ညွှန်းရေး



www.burmeseclassic.com

www.burmeseclassic.com



အာ ငွေလိုချင်လို့ပါ။ ဇာတ်ညွှန်းရေးတဲ့ "ဝေဇင်" ဆိုတဲ့ စိတ်က မင်းသား၊ မင်းသမီး၊ ဒါရိုက်တာ၊ ထုတ်လုပ်သူတွေအပေါ် ဦးနှိမ်ငုံ့တွားဖို့ ဝန်မလေးဖြစ်ပေမယ့် ကဗျာဆရာဥတ္တရ ရဲ့ စိတ်ဝိညာဉ်က,တော့ ဘာကိုမှ ဘယ်သူ့ကိုမှ ဦးမညွှတ်တတ်တဲ့ စိတ်ဝိညာဉ်မျိုးပါ။

ချစ်တဲ့ ကဗျာလေးတွေကို နောက်ဆံမတင်းဘဲ ဖွဲ့နွဲ့နိုင်ဖို့ ဇာတ်ညွှန်းရေးသူဘဝနဲ့ စိတ်တစ်ဝက်ကို ရောင်းစားခဲ့ရသူပဲ ဆိုပါတော့။

◈

"ကျော်သိန်း"

"ဘာလဲ"

"ငါ . . . သက်သက်စိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရိုက်ကွင်းမှာ နေ့တိုင်း ...
တွေ့တယ်"

"အဲဒါ . . ဘာဖြစ်လဲ"

"ဘာမှ မဖြစ်ဘူး . . . ငါ
သူ့ကို ချစ်တယ်"

"ဘာမှ မဆိုင်ဘူး"

"ဘာမှ မဆိုင်ဘူး ...
ဆိုတာ မင်း . . . ဘာကို ပြော
တာလဲ"

"ဘာပြောရမှာလဲ ...
မင်းက နိဒါန်းမချီဘဲနဲ့ ငါ . . .
သူ့ကို ချစ်တယ်ဆိုတာကြီးက
. . . မနူးညံ့လွန်းလို့ ပြောတာ"

"ချစ်တယ်လို့ ပြောတာ
နူးညံ့ဖို့ လိုလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"လို့မလိုတော့ မသိဘူး။

ဘယ်မှာတွေ့တယ်၊ ရင်ထဲမှာ

ဘယ်လိုဖြစ်တယ်၊ ဘာကို ဘယ်

လို ခံစားရတယ်၊ အဲဒါကြောင့်

ရင်ထဲမှာ ချစ်မိလာတယ် . . .

ဘာ . . . ညာပေါ့။

အခုတော့ . . .

မင်းဟာက . . .

သက်သက်စိုးနဲ့ ရိုက်ကွင်း

မှာ နေ့တိုင်းတွေ့တယ် . . .

တဲ့။

ငါ . . . သူ့ကို ချစ်တယ်

. . . တဲ့။

ဘာမှ မဆိုင်ဘူး"

ကျွန်တော် ပြုံးနေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com


ကျော်သိန်းက ကျွန်တော့်ကို ကြည့်ပြီး . . .

"မင်းဟာ . . .

တေသွားတစ်ယောက်

ရည်းစားစကားပြောသလို ဖြစ်

နေတယ်"

"ဘယ်လို ဖြစ်နေလို့လဲ"

"မအေးသာ . . . ဆိုတဲ့

ကောင်မလေးကို ချက်ကြီးဆိုတဲ့

တေသားက, ရည်းစားစကား

ပြောဖို့ စကားစ,တယ်။

ဘယ်လို စကားစသလဲ

ဆိုတော့ . . . အေးသာရယ်

. . လ,မင်းကြီးက သာလိုက်တာ

. . . တဲ့။ အေးသာက ပြန်မေး

တယ်။ လ,မင်းကြီး သာတော့


www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လဲတော့ . . . တဲ့။

ချက်ကြီးက . . . အပိုင်ပဲဆိုပြီး

တစ်ခါတည်း ပြောချလိုက်တယ်။

လမင်းကြီးသာတော့ . .

နင့်ကို ငါ ချစ်တာပေါ့ . . . တဲ့"

ကျော်သိန်းစကားကြောင့် ကျွန်တော် . . .

ရယ်မောမိတယ်။

ကျွန်တော် အရယ်ရပ်တဲ့အခါ . . .

ကျော်သိန်းက . . .

"ချက်ကြီး တကယ် ပြော

ချင်တာက လ,မင်းကြီး သာ

သလိုပဲ ငါ့ဘဝမှာလည်း သာ

ယာတဲ့ လ,ရောင်လေးတစ်ခု

တော့ ရှိချင်တယ် . . အေးသာ

ရယ်။ အဲဒီ လရောင်လေးသာ



www.burmeseclassic.com

www.burmeseclassic.com



နင်ဖြစ်ရင် သိပ်ကောင်းမှာပဲ . .

ဆိုတာမျိုးကွဲ့ စ,ပြီး ပြောရမှာ။

ပြောချင်ဇော ကြီးသွား

တော့ . . .

အေးသာရယ် လ,မင်းကြီး

က သာလိုက်တာ။ သာတော့

ဘာဖြစ်လဲတော့။ သာတော့

နင့်ကို ငါချစ်တာပေါ့ . . . ဆို

တာမျိုး ဖြစ်သွားရော"

"ငါ . . . အဲဒီလို ဖြစ်သွား

လို့လား"

"ဖြစ်သွားတာပေါ့။ မင်း

သက်သက်စိုးကို နီးနီးကပ်ကပ်

မြင်မြင်ချင်း ရေရေလည်လည်

အေးချမ်းတယ်ကွာ . . . တဲ့၊



www.burmeseclassic.com

www.burmeseclassic.com



မင်း . . . ငါ့ကို ပြောဖူးတယ်။

နောက် . . . မင်းနဲ့ သူ

ရိုက်ကွင်းမှာ နေ့တိုင်း ကြုံရ

တယ်။ တစ်ဆင့်ချင်း မင်း ငါ့ကို

ရင်ဖွင့်ရမှာပေါ့။ အခုတော့ . .

မင်းက ချက်ကြီး ရည်းစားစကား

ပြောသလိုပဲ . . . ဒုန်းတိကြီး"

"ချစ်တာကို ချစ်တယ်လို့

တစ်ခွန်းတည်း ပြောလိုက်ရုံနဲ့

မပြည့်စုံဘူး ထင်တယ် . . .

ဟုတ်လား . . . ကျော်သိန်း"

"ဟုတ်တယ် . . . မင်း

ကဗျာဆရာပဲ။ မင်း ပိုသိမှာပါ"

"ငါ . . . သိတယ်။

စကားလုံးလှလှလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



နားဝင်ချိုမယ့် ဝေါဟာရလေးတွေ လိုအပ်လိမ့်မယ်။

ဒါပေမဲ့ . . . ငါက သူ့အမြင်မှာ ဇာတ်ညွှန်းရေးနေတဲ့ ကောင်ကွ။ သူ . . . ငါ့ကို ဘယ်စိတ်ဝင်စားပါ့မလဲ။ အဆင့် ချင်း မတူဘူးလေကွာ"

"မင်းသမီးနဲ့ လူရွှင်တော် တောင် ညားကြသေးတာပဲ။ မင်းအတွက် အားငယ်စရာ မလို ပါဘူး"

"ငါ . . အားမငယ်ပါဘူး။ ဒါပေမဲ့ . . . သူ ကြိုးစားနေတဲ့ အချိန်၊ ငါ ကြိုးစားနေတဲ့ အချိန် မှာ ငါ့စကားတစ်ခွန်းကြောင့် သူ



www.burmeseclassic.com

www.burmeseclassic.com



စိတ်အနှောင့်အယှက် ဖြစ်သွားမှာ စိုးတယ်။

ငါ . . . ဘယ်လောက်ကြိုးစားကြိုးစား၊ နာမည်ကြီးတဲ့ ဇာတ်ညွှန်းရေးဆရာပဲ ဖြစ်ဖို့ ရှိတယ်။ သူက . . . ကြိုးစားရင် ကြိုးစားသလောက် အောင်မြင်ကျော်ကြားမယ့်သူ။ သူက, အားလပ်လို့ ဗိတ်ကူးယဉ်တတ်ရင် တောင် သူ့ စိတ်ကူးထဲမှာ . . . ငါ ပါမှာ မဟုတ်ဘူး"

"အဲဒီတော့ . . .

မင်း ဘာလုပ်ချင်သလဲ"

"ငါ . . . ရင်ဖွင့် ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာ ဖွင့်မှာလဲ"

"မင်း ရှေ့မှာ။

ပြီးတော့ . . .

ငါ့ကဗျာတွေထဲမှာ"

"ကောင်းတယ် . . . မင်း

ပြောချင်တာ ပြော၊ ငါ . . .

နားထောင်ပေးမယ်"

"ကျေးဇူးပဲ၊ ငါ . . . ပြော

တော့မယ်၊ မင်း ခံစားပေး"

ကျော်သိန်း ခေါင်းညိတ်တယ်၊ မျက်လုံးလေး

စင်းပြီး နားထောင်ပေးတယ်။

"အခုအချိန်မှာ . . .

သက်သက်စိုးက,သာ ကိုဝေဇင်

. . ရှင်ပြောချင်ရာပြော၊ ကျွန်မ

နားထောင်မယ်ဆိုခဲ့ရင် ငါ . . .



www.burmeseclassic.com

www.burmeseclassic.com

ရင်ထဲမှာ . . .

ဘာမှ မခံစားရအောင် နေရတာဟာ

ခံစားနေရတာထက် ဆိုးတယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခွန်းတည်းပဲ ပြောချင်တယ်။

ဒါ့ပမဲ့ . . .

အဲဒီတစ်ခွန်းတည်းသော

စကားကို အကြိမ်ကြိမ်အခါခါ

ပြောပစ်လိုက်ချင်တယ်။

ချစ်တယ် . . .

ချစ်တယ် . . .

ချစ်တယ် . . . လို့ ငါ့ရင်

ပွင့်သွားတဲ့အထိ ပြောပစ်လိုက်

ချင်တယ်"

"မင်း . . . သူ့ကို ဘာဖြစ်

လို့ ချစ်ရတာလဲ"

"ရင်ထဲက သူ့အလိုလိုဖြစ်

သွားရတဲ့ စိတ်ကို ဘာဖြစ်လို့

ဒီလို ဖြစ်ရတာလဲ . . . လို့ ငါ

www.burmeseclassic.com

www.burmeseclassic.com



မစစ်ဆေးချင်ဘူး။

တခြားအရာကုသိုလ်စိတ်မျိုး ဖြစ်ရင်တော့ ငါ . . . စမ်းစစ် စစ်ဆေးမှာပေါ့။ အခုဟာက အချစ်စိတ် ဖြစ်တာလေကွာ။

အကြောင်းပြချက် မရှိဘူး။ ငါ့ရင်ထဲမှာ . . သူ ရောက်နေတာကိုက, ငါ့ရဲ့ချစ်ခြင်းပဲ။ အဲဒီဖြစ်တည်မှုကို အဲဒီအဖြစ်အတိုင်းပဲ တည်နေစေချင်တယ်။

ဦးနှောက်ယန္တယားထဲက နေ လှမ်းပြီး မစမ်းသပ်ချင်ဘူး။ ငါ့ရင်ထဲမှာ . . . သူဖြစ်နေတာကိုက အဲဒီဖြစ်ခြင်းဟာ ငါ့ရဲ့ ချစ်ခြင်းပဲ။ သူ့ရဲ့ဆံပင်ရှည်ရှည်



www.burmeseclassic.com

www.burmeseclassic.com



တွေကိုလည်း ငါ ချစ်တယ်။ အကျဉ်းချုပ်ပြောရရင် ဆံဖျား က,နေ ခြေဖဝါးအထိ အားလုံး ကို ငါ ချစ်တယ်။

လို့ချင် တပ်မက်နေတာ မဟုတ်ဘူးနော်။ ပြုံးသမျှ ရယ်သမျှ၊ လှုပ်ရှား ယိမ်းက,သမျှ အားလုံးရဲ့ ဖြစ်တည်နေခြင်းကို ချစ်နေမိတာ"

ကျော်သိန်းက မျက်လုံးဖွင့်လျက် . . .

"ဟော့ကောင် ဝေဇင်"

"ဘာလဲ"

"အဲဒါ . . . ဇာတ်ညွှန်း ရေးဆရာ . . . ဝေဇင်ရဲ့ စကား သံ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့စကားသံလဲ"

"ကဗျာဆရာ ဥတ္တရရဲ့
စကားသံတွေ"

ကျွန်တော် ပြုံးလိုက်တယ်။

"ဟုတ်လိမ့်မယ်၊ ငါ . . .
ဝန်ခံမယ်၊ ငါ . . . သူ့ကို ကဗျာ
ဆန်ဆန်လေး ချစ်နေတာ။

တစ်ခုတော့ . . လျှို့ဝှက်
ထားချင်တယ် ကျော်သိန်း"

"ဘာကိုလဲ"

"ဥတ္တရ . . . ဆိုတာ ဝေ
ဇင် ဖြစ်တဲ့အကြောင်း၊ ဘယ်သူ
မှ မသိစေချင်ဘူး . . . နော်
. . . သူငယ်ချင်း"

ကျော်သိန်း ခေါင်းညိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဥတ္တရက မာနကြီးတယ်ကွ။ သူ့ကဗျာတစ်ကြောင်းကို မင်း တစ်ချက်ထိရင် စီးချင်းထိုးပစ်ချင်တဲ့ ကောင်။ ဝေဇင်ဆိုတဲ့ ကောင်က မာန မရှိဘူး။ မာနကို ရောင်းစားနေတဲ့ကောင်။ ဒါရိုက်တာက သူ့စကားလုံးကို ပြင်ခိုင်းလည်း ပြင်ပေးလိုက်တာပဲ။ မင်းသားမင်းသမီးက ပြင်ခိုင်းရင်လည်း ပြင်ပေးလိုက်တာပဲ။

ဝေဇင်ဆိုတဲ့ အဲဒီ ဇာတ်ညွှန်းကောင်ကို ဥတ္တရက သိပ်မုန်းတာကွ။

အဲဒါကြောင့် . . . ဥတ္တရဆိုတာ ဝေဇင် . . . ပါလို့ သူသိ



www.burmeseclassic.com

www.burmeseclassic.com



သွားမှာ ငါ . . . သိပ်ရှက်တယ်။

ဒါပေမဲ့ . . . ဝေဇင်ကရော . .

ဥတ္တရကရော . . . သက်သက်

စိုးကို သိပ်ချစ်တာတော့ အမှန်

ပဲ”

ကျွန်တော့်ကိုကြည့်ပြီး ကျော်သိန်း တဟားဟား ရယ်မော၏။ ကျွန်တော် မရယ်မောဖြစ်။

◈ ❖◈❖ ◈



www.burmeseclassic.com

www.burmeseclassic.com

၁၉၉၈

www.burmeseclassic.com

www.burmeseclassic.com

( ၇ )

www.burmeseclassic.com

www.burmeseclassic.com

"ဥက္ကာရ" . . . ဆိုတဲ့ ကဗျာဆရာတစ်ယောက်ရဲ့ ကဗျာစာအုပ်တွေ လူတော်တော်များများ ခံစားထွေးပိုက်လာကြတာ။ "ဝေဇင်" ဆိုတဲ့ ဇာတ်ညွှန်းရေးဆရာ . . . ဝေဇင်ရဲ့ ဇာတ်လမ်း ဇာတ်ညွှန်းတွေ လူသိ



www.burmeseclassic.com

www.burmeseclassic.com



များလာတာ။ ပြီးတော့ . . . ကျွန်တော့်မျက်လုံးမှာ မျက်မှန် (ဒီဂရီ မထူ မပါး) တစ်လက် တပ်ဖြစ်လာရတာက, လွဲရင် ကျွန်တော့်ရဲ့ တိုးတက်အောင်မြင်မှုဟာ သိပ်ကြီးကြီးမားမား မဖြစ်ခဲ့ပါဘူး။

ချစ်သောသက်သက်စိုးရဲ့ အောင်မြင် ကျော်ကြားမှုက,တော့ အထည်ဝါဆုံး၊ အခမ်းနားဆုံး၊ အကြီးကျယ်ဆုံးအထိ ရောက်ရှိနေခဲ့ပြီ။

ပီတိ . . . ဆိုတာ ကြားဖူးတယ် မဟုတ်လား။

ချစ်ခြင်းနဲ့အတူ (ချစ်သော သူ့အတွက်) . . .

ကျွန်တော့်ရင်ထဲမှာ ပီတိ . . . ဆိုတဲ့ ဂီတတစ်ခု ပူးပေါင်းပြီး တိတ်တဆိတ် သီဆိုကျူးရင့်နေရတယ်။

ကုမ္ပဏီ တော်တော်များများ၊ ဒါရိုက်တာတော်တော်များများ၊ မင်းသမီး တော်တော်များများနဲ့ ဇာတ်ညွှန်းအတူတူ ရေးဖြစ်နေရင်းက သက်သက်စိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြုံဆုံရမယ့် ဇာတ်ညွှန်းမျိုးကို ရေးရုပြီဆိုရင် အဲဒါ . . . ကျွန်တော့်ရဲ့ အပျော်ရွှင်ဆုံး အချိန်နာရီများပါပဲ။

◈

ကျွန်တော် . . .

ဘယ်လောက်အထိ ရူးသွပ်သွားခဲ့သလဲ ဆိုရင် "သက်သက်စိုး" ပါဝင်တဲ့ ဗီဒီယိုဇာတ်ကားတစ်ကားမှာ ဇာတ်ဝင်ခန်းတစ်ခန်းအတွက် ကိုယ်တိုင်ပါဝင်ပြီး သရုပ်ဆောင်မိခဲ့တဲ့ အထိပါပဲ။

သရုပ်ဆောင်တစ်ယောက် လိုအပ်နေတဲ့ အချိန်မှာ အဲဒီသရုပ်ဆောင် ရောက်မလာတဲ့အတွက် သက်သက်စိုး ထိုင်စောင့်နေရတာမျိုး မဖြစ်စေချင်လို့ ကျွန်တော် ဝင်ရိုက်လိုက်တာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒါရိုက်တာအပါအဝင် တခြား လုပ်ဖော်ကိုင်ဖက်တွေက,တော့ သူတို့ကို ကျွန်တော် ဝင်ရောက် ကူညီလိုက်တယ်လို့ ထင်သွားကြပါတယ်။

တကယ်တော့ . . .

ကျွန်တော် "ချစ်သော သက်သက်စိုး" ကို ကူညီလိုက်တာပါ။

◈

"ငါ . . . သိပ်ပျော်ခဲ့တယ်ကွာ"

. . . လို့ ကျော်သိန်းကို စကားစ,လိုက်တာနဲ့ ကျော်သိန်းက . . .

"ဘာလဲ . . . မင်း . . .

ရိုက်ကွင်းမှာ သက်သက်စိုးနဲ့

www.burmeseclassic.com

www.burmeseclassic.com



တွေ့ခဲ့ရပြီ မဟုတ်လား"

ကျွန်တော် ခေါင်းခါပြလိုက်တယ်။

"သူနဲ့အတူ သရုပ်ဆောင်

ခဲ့တယ်ဆို၊ အဲဒါကြောင့်ကော

မဟုတ်ဘူးလား"

"မဟုတ်ဘူး"

"ကဲ . . . အဲဒါဆို မင်း

ပြောပြမှ ငါ သိရတော့မယ်၊

မင်းဘာသာပဲ ပြောပြ"

ကျော်သိန်းက အပြင်စီးပွားရေးသမား တစ်ယောက်ပါ။ ဒါပေမဲ့ . . . စာပေနဲ့ တခြား အနုပညာရှင်ခုန်မှုတိုင်းကို ကျွန်တော်နဲ့အတူ ကူပြီး ခံစားပေးလေ့ရှိတဲ့ သူငယ်ချင်းတစ်ယောက်ပါ။

သူဟာန်အမူအရာအတိုင်း ကျွန်တော်ပြောမယ့်စကားတွေကို နားထောင်ဖို့ သူ့မျက်လုံးတွေ မေးထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြန်တယ်။

"ဒီနေ့ သူ့လက်ထဲမှာ . . .

ဥတ္တရရဲ့ "ကြိုးဝိုင်း" ဆိုတဲ့ ကဗျာ

စာအုပ်လေးကို ငါ တွေ့ခဲ့ရတယ်"

ကျော်သိန်းက မျက်လုံးမဖွင့်ဘဲ . . .

"မင်း . . . လက်ဆောင်

ပေးလိုက်လို့လား"

"မပေးဘူး၊ သူ့ဘာသာ

ဝယ်ထားတာ၊ ငါ . . မေးကြည့်

တယ်၊ ဥတ္တရရဲ့ ကဗျာတွေကို

သူ အရမ်းကြိုက်တယ် . . . တဲ့၊

ထွက်သမျှ ဝယ်ဖတ်တာ . . တဲ့"

မျက်လုံးဖွင့်ပြီး ကျော်သိန်းက . . .

"အဲဒါနဲ့ပဲ မင်းက သိပ်

ပျော်သွားခဲ့တာပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပေါ့ . . . ပျော်တာပေါ့"

"ဥတ္တရရဲ့ အနုပညာကို သက်သက်စိုး ချစ်တာနော်၊ ဥတ္တရကို ချစ်တာ မဟုတ်ဘူး၊ အဲဒါကို မင်း . . . တွေးထား၊ သိပ်မပျော်သင့်ဘူး"

"နည်းနည်းလေးတော့ ပျော်ပါရစေကွာ"

"ပျော်စေကွာ။

ဒါပေမဲ့ . . . မင်း ကြေကွဲရလိမ့်မယ်နော်၊ ဟိုက . . . အအောင်မြင်ဆုံး မင်းသမီး၊ မင်းက . . . သာမန် ကဗျာဆရာ၊ အင်း . . . ငါ တွေးမိတယ်ကွာ၊ ကဗျာ



www.burmeseclassic.com

www.burmeseclassic.com



ဆရာ . . . ကဗျာဆရာနဲ့ လူ
တွေက, ခေါ်ဝေါ်နေကြတာ၊
တကယ်တော့ ကဗျာဆရာတွေ
ရဲ့ ဘဝ . . , နှလုံးသား, အစိတ်
အပိုင်းတိုင်းဟာ ပြင်ပမှာ သူတို့
ရဲ့ ကဗျာတွေလို ကဗျာမဆန်ကြ
ဘူး။

သိပ်ကြမ်းတယ်။ သိပ်ပြီး
. . . ကြေကွဲစရာကောင်းတယ်။
အဲဒါ . . . ဟုတ်နိုင်သလား"

ကျွန်တော် . . . သက်ပြင်းချလိုက်မိတယ်။

"ကျော်သိန်းရာ . . . မင်း
စကားကြောင့် ငါ့ရင်ထဲမှာ မော
သွားပြီ။

ဟုတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကဗျာဆရာတွေရဲ့ဘဝက
အမောတွေချည်းပဲ။ ငါ့ကိုယ်ငါ
တောင် ငါ ပြန်ပြီး သနားချင်လာ
ပြီ”

“သနားပစ်လိုက် ဝေဇင်။
ငါက . . . မင်းကို သနား
နေတာ ကြာလှပြီ။ သက်သက်
စိုး မအောင်မြင်ခဲ့က မင်း . .
သူ့ကို ချစ်တယ်ဆိုကတည်းက
မင်းကို ငါ . . . သနားနေခဲ့ရ
တာ။

တကယ်ဆိုရင် မင်း . . .
သူနဲ့ နီးစပ်ဖို့ ဇာတ်ညွှန်းရေး
ဆရာ မဖြစ်သင့်ဘူး။ ရုပ်ရှင်
မင်းသား ပေါ့ပ်ရမှာ”



www.burmeseclassic.com

www.burmeseclassic.com

၂၀၀၀

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ မဖြစ်နိုင်ဘူး ကွ"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ၊ မင်းကိုယ်မင်း ရုပ်မချောဘူးလို့ ထင်နေလို့လား"

"မဟုတ်ဘူး၊ ငါက . . . အောင်မြင် ကျော်ကြားခြင်းကို မလိုချင်ဘူး၊ ကဗျာဆရာ ဖြစ်နေရခြင်းကိုပဲ မြတ်နိုးတယ်။

ကဗျာဆရာဆိုတာ လူတွေရဲ့ နှလုံးသားထဲကို တိတ်တိတ်လေး ဝင်ရောက်ခိုနားခွင့်ရတဲ့ မှော်ဆရာတစ်ဦးပဲ။ ငါ . . . အဲဒါကိုပဲ လိုချင်တယ်"

ရင်မမောတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ . . .

ရင်ထဲမှာ နင့်သွားခဲ့ရတယ်။

◈ ❖◈❖ ◈



www.burmeseclassic.com

www.burmeseclassic.com

( ၄ )

www.burmeseclassic.com

www.burmeseclassic.com

"ကိုဝေဇင်က ကဗျာကွေ

ကြိုက်တတ်သလား"

သက်သက်စိုးရဲ့ မေးခွန်းလေးကို ကျွန်တော်

လိမ်လည်ပြီး ဖြေလိုက်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကဗျာနဲ့ ကျွန်တော် မနီး
စပ်ဘူးဗျ။

ဇာတ်လမ်းတွေ . . .

ဇာတ်ညွှန်းတွေ . . .

စကားလုံးတွေ . . .

ကာင်မရာဝပ်တွေပဲ တွေး
နေရတော့ ကဗျာဆိုတာကို
ကြိုက်ချင်ပေမယ့် မနီးစပ်ဘူး
ဖြစ်နေတယ်။

မဂ္ဂဇင်းတွေ ဘာတွေမှာ
ပါတဲ့ ကဗျာတွေကိုတော့ ကြုံရင်
ဖတ်ဖြစ်ပါတယ်။"

"ကဗျာ ကြိုက်သလားလို့
. . . ဘာဖြစ်လို့ ကျွန်တော့်ကို
မေးရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ,က ကဗျာကို သိပ်ချစ်တာ၊ အထူးသဖြင့် ကဗျာဆရာ - ဥက္ကာရရဲ့ ကဗျာတွေကို အရမ်းကြိုက်တယ်။ သူ့ကို . . . အကြိုက်ဆုံးဆိုပါတော့။

နောက်ပြီး . . .

ကျွန်မ သတိထားမိတာက ကိုဝေဇင်ရဲ့ ဇာတ်ညွှန်းတွေထဲက တချို့စကားလုံးလေးတွေက သိပ်ကဗျာဆန်တာပဲ။ အဲဒါကြောင့် ကဗျာတွေ ဘာတွေများ ရေးဖူးသလား . . လို့ မေးကြည့်တာ"

"မရေးဖူးပါဘူး"

ပြုံးရင် ကျွန်တော် ဖြေလိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုဝေဇင် . . . ကဗျာ ရေးကြည့်ပါလား၊ ဖြစ်နိုင်မယ် ထင်တယ်"

"ကျွန်တော်မှ မရေးတတ် ဘဲ"

"ကဗျာဆန်တဲ့ အတွေး အခေါ် စကားလုံးမျိုးတွေကို တောင် ဇာတ်ညွှန်းထဲမှာ ထည့် ရေးနိုင်တာပဲ၊ ရေးကြည့်ရင် ဖြစ် မှာပါ"

"ကျွန်တော် . . . ကဗျာ ဆရာ မဖြစ်ချင်ဘူး"

"ဘာဖြစ်လို့လဲ"

"ကဗျာဆရာတွေက . . ဆင်းရဲတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆင်းရဲတော့ ဘာဖြစ်လဲ"

"ဆင်းရဲတော့ လူ့အထင်

သေးတာပေါ့"

သက်သက်စိုးက လှလှလေး ခေါင်းခါရင်း

နှာခေါင်းရှုံ့ပြီး . . .

"အထင်သေးတဲ့ လူတွေ

ထဲမှာ ကျွန်မ, မပါဘူးလေ၊

ကျွန်မလို လူမျိုးတွေ အများကြီး

ရှိနိုင်တာပေါ့"

"အင်း . . . အားတက်

စရာပဲ၊ ကျွန်တော် ကဗျာရေးဖြစ်

တဲ့နေ့ကျရင် မသက်သက်စိုးကို

အရင်ဆုံး အသိပေးမယ်"

သူ ပြုံးတယ်။

ကျွန်တော့်မျက်လုံးတွေသာ ကင်မရာတစ်လုံး



www.burmeseclassic.com

www.burmeseclassic.com

ဆိုရင် အဲဒီအပြုံးကို အနီးကပ်ရိုက်ချက်နဲ့ 'တစ်းပက်စ'

ရိုက်ယူထားမိမှာပါပဲ။

အခုတော့ . . . သူ့ရဲ့ အဲဒီ အနီးကပ်အပြုံး

လေးရဲ့ အေးမြမှုတွေ မျက်လုံးက,တစ်ဆင့် နှလုံးသား

ထဲကို စိမ့်ဝင်သွားတာ သူ . . . မသိလိုက်ဘူး။

"ကျွန်မ, စိတ်ထဲမှာ . . .

ကိုဝေဇင့်ကိုကြည့်ရတာ တစ်မျိုး

ပဲ"

မလုံ့ခြုံအောင်၊ သူ . . . ပြောလိုက်သလိုပါပဲ။

"ဘာဖြစ်လို့လဲဗျာ . . .

ကျွန်တော် ဘယ်လို ဖြစ်နေလို့

လဲ"

"ကိုဝေဇင်က . . . ဓာတ်

ညွှန်းရေးဆရာ တစ်ယောက်နဲ့

မတူဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကဗျာဆရာဇာစ်ယောက်

နဲ့ တူနေတယ်"

"ဪ . . . မသက်သက်

စိုးရယ် . . . ကဗျာဆရာလည်း

စာပေသမားပဲ၊ ဓာတ်ညွှန်းရေး

တဲ့ သူလည်း စာပေသမားပဲ၊

နေပုံထိုင်ပုံ ပြောဆိုပုံ တစ်ခုခု

တော့ တူနေတတ်ကြမှာပေါ့"

"အဲဒီလိုတူတာမျိုးကို ဆို

လိုတာ မဟုတ်ဘူး၊ ကိုဇေဇင့်မှာ

အတွေးအမြင်တစ်ခုခု သူတစ်

ပါးထက် ပို ရှိနေတာကို ကျွန်မ,

သတိထားမိတယ်"

"ဘာကိုလဲ"

"အင်း . . . အများကြီးပဲ



www.burmeseclassic.com

www.burmeseclassic.com



တနိုးကပ်ဆုံးတစ်ခု ပြောမယ် ခနော်။

ဟိုတစ်နေ့က ရိုက်ကွင်းမှာ ကျွန်မ,က မင်းသားနဲ့ ယှဉ်ပြီး ခုတန်းလျှားမှာ ထိုင်ရတယ်။ ကျွန်မက ခြေထောက်နှစ်ဖက် ချိတ်ပြီး ထိုင်တယ်။

ဒိုင်ယာလော့ရပြီးတဲ့အခါ ရိုက်ခါနီးမှာ ကိုဝေဇင်က ကျွန်မကို နေပုံထိုင်ပုံ ပြောင်းဖို့ အကြံပေးတယ်။

မင်းသားရှိတဲ့ဘက်ကို ခြေထောက်ချိတ်ပြီး မထိုင်ပါနဲ့ . . . တဲ့။ အဲဒါနဲ့ ကျွန်မ,က မင်းသားဘက်ကို ခြေမချိတ်



www.burmeseclassic.com

www.burmeseclassic.com



တောဘဲ ခြေထောက် ပြောင်း

ရိုက်လိုက်ပြီး ကိုဝေဇင်ကို . . .

ဘာဖြစ်လို့လဲလို့ မေးတော့

ကိုဝေဇင်က . . .

ချစ်သူဆိုတာ ကိုယ့်ရဲ့

အထွတ်အမြတ် . . . တဲ့၊ ခင်

ပွန်းလောင်း . . . တဲ့။ ခင်ပွန်း

ဆိုတာ မိန်းမသားတစ်ယောက်

ရဲ့ အိမ်ဦးနတ်၊ အရှင်သခင်ပဲ

. . . တဲ့။ အရှင်သခင်ရှိတဲ့ဘက်

ကို ခြေချိတ်မထိုင်စေချင်လို့ပါ

. . . တဲ့။

အဲဒီလို အတွေးအမြင်မျိုး၊

ကျွန်မ၊ ဘယ်ဇာတ်ညွှန်းရေး

ဆရာဆီကမှ မကြားဖူးဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကိုဝေဇင် ပြောင်းခိုင်းတာ
အစိပ္ပာယ်လည်း ရှိတယ်။ ကဗျာ
လည်း ဆန်တယ်။ ယဉ်ကျေးမှု
လည်း ဖြစ်တယ်။ အဲဒီလို လူ
တစ်ယောက်က ကဗျာဆရာလို
အတွေးအခေါ်မျိုးတွေ ရှိနေနိုင်
တယ်လို့ ကျွန်မ ခန့်မှန်းကြည့်
တာပါ"

မြတ်နိုးစွာ ငေးကြည့်ချင်မိတယ်။

မြင်တတ်လိုက်တာ . . . လို့ ရင်ထဲက တလှိုက်
တလှဲ ပြောဆို ချီးမွမ်းလိုက်ချင်တယ်။

ဒါပေမဲ့ . . .

ကျွန်တော် . . .

ဟန်အမူအရာက အစ ဝေဒနာဟူသမျှတွေကို
သိမ်းဆည်းထိန်းမတ်ထားတဲ့အနေနဲ့ ပြုံးလို့သာ နေ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရပါတယ်။

ရင်ထဲမှာတော့ . . .

သိပ်ချစ်တဲ့ မသက်သက်စိုးရယ်။



www.burmeseclassic.com

www.burmeseclassic.com

( ၅ )

www.burmeseclassic.com

www.burmeseclassic.com

[illegible]

ဖိုးဖိုးမောင်ရဲ့ [illegible]

ပြန်မလာခဲ့တော့ [illegible]

ကြိုးပေါ်ဝင်ပြီး [illegible]

[illegible]

[illegible]

[illegible]

[illegible]

ကျွန်တော် ကဗျာဆရာ "ဥတ္တရ" ပါ။

မသိကြသက်စိုးဆီက အကူအညီတစ်ခု

တောင်းချင်တဲ့အတွက် ဒီစာကို မိတ်ဆက်

လိမ်းတဲ့ မမိုးမိုးဏာတစ်ဆင့် လူကြုံပါးလိုက်

[illegible]

www.burmeseclassic.com

www.burmeseclassic.com

( ၂ )

www.burmeseclassic.com

www.burmeseclassic.com



ရပါတယ်။

မမိုးမိုးက,တစ်ဆင့် အကူအညီ တောင်းရတဲ့အတွက်လည်း စိတ်မဆိုးဖို့ ကျွန်တော် . . . နူးညွတ်စွာ တောင်းပန်ပါတယ်။ ကျွန်တော် . . . လူကိုယ်တိုင်လာပြီး အကူအညီ တောင်းချင်ပါတယ်။

ဒါပေမဲ့ . . .

ကျွန်တော် လူတော မတိုးလို့ပါ။

ကျွန်တော် လူတွေကို ချစ်ပါတယ်။

ဒါပေမဲ့ . . .

လူတွေနဲ့ ခပ်ဝေးဝေးမှာ နေချင်ပါတယ်။ အထူးသဖြင့် မသက်သက်စိုးလို သိပ်လှတဲ့ မိန်းကလေးတစ်ယောက်ဆီက အကူအညီတစ်ခု တောင်းချင်ရုံနဲ့ အနားကို လာရလောက်တဲ့အထိ ကျွန်တော် . . .



www.burmeseclassic.com

www.burmeseclassic.com


လူဝင်မဆန့်ပါဘူး။

လိုရင်းကို ပြောရရင် . . .

"အစိမ်းရောင် နှင်းဆီ" ဆိုတဲ့ ကဗျာစာအုပ်တစ်အုပ် ကျွန်တော် ထုတ်ဖို့ရှိပါတယ်။

ကောင်မလေးတစ်ယောက် "အစိမ်းရောင် နှင်းဆီပန်း" လေး တစ်ပွင့်ကို ကိုင်ပြီး ပြုံးနေတဲ့ မျက်နှာမျိုးနဲ့ ကဗျာစာအုပ်ရဲ့ မျက်နှာဖုံးအဖြစ် အသုံးပြုချင်ပါတယ်။

ကျွန်တော့်ကဗျာစာအုပ်အတွက် ကျွန်တော်လိုချင်တဲ့ အပြုံးမျိုးဟာ မသက်သက်စိုးရဲ့ အပြုံးမျိုးပါ။ အဲဒါကြောင့် . . .

ဖြစ်နိုင်မယ်ဆိုရင် မသက်သက်စိုး ကိုယ်တိုင် နှင်းဆီပန်းလေးတစ်ပွင့်ကို နှစ်သက်သလို ကိုင်ပြီး ပြုံးနေတဲ့ ဓာတ်ပုံတစ်ပုံ


www.burmeseclassic.com

www.burmeseclassic.com


သောက်ကို မမိုးမိုးကတစ်ဆင့် ကူညီပေးပို့စေချင်ပါတယ်။ ကျွန်တော် . . . တကယ်လိုချင်တဲ့ အကူအညီပါ။

စီးပွားရေး မဟုတ်ပါဘူး။ စိတ်ခံစားမှုသက်သက်အတွက် အကူအညီတောင်းခြင်းဖြစ်ပါတယ်။ မကူညီနိုင်ခဲ့ရင်လည်း . . . ကျွန်တော် စိတ်မကောင်းဖြစ်တာမျိုး၊ စိတ်ဆိုးတာမျိုး ဖြစ်မှာ မဟုတ်ပါဘူး။

ကျွန်တော် မသက်သက်စိုးကို ကိုယ်တိုင် လာတောင်းချင်ပါတယ်။

ဒါပေမဲ့ . . .

ကျွန်တော် ကဗျာဆရာပါ။

ကဗျာဆရာဟာ ကဗျာဆရာနေရာမှာပဲ နေချင်ပါတယ်။

အဲဒါကြောင့် . . .


www.burmeseclassic.com

www.burmeseclassic.com



ကူညီပါ . . . လို့ပဲ ကျွန်တော် ပြော ချင်ပါတယ်။

စိတ်အနှောင့်အယှက်တစ်ခုခု ဖြစ် သွားခဲ့ရင်လည်း ခွင့်လွှတ်ပါဗျာ။

လေးစားခင်မင်လျက်

ဥတ္တရ

◈

ဒီ . . . ကမ္ဘာလောက,မှာ သက်သက်စိုးကို ကျွန်တော် သိပ်ချစ်နေခဲ့တာ ကျော်သိန်း တစ်ယောက် ပဲ သိပါတယ်။ အခု . . နောက်ထပ်တစ်ယောက် သိဖို့ ဖြစ်လာရပါတယ်။ အဲဒါက,တော့ . . . သက်သက်စိုးရဲ့



www.burmeseclassic.com

www.burmeseclassic.com


အလှူခံနဲ့တီးရှင် မမိုးမိုးပါပဲ။

လေး ငါး ခြောက်နှစ်စာ ရင်ထဲက မျိုသိပ်စကားတွေကို သက်သက်စိုး မသိအောင် မမိုးမိုးကို ကျွန်တော် ရင်ဖွင့်ဖြစ်ပါတယ်။ ကျွန်တော့် ရင်ဖွင့်ပြောစကားတွေကြောင့် မမိုးမိုးဆီက ကရုဏာစိတ်တစ်ခုကို ကျွန်တော် ရပါတယ်။

"ခြောက်နှစ်လောက် ရှိပြီပဲ၊ နင် . . . တော်တော်နေတတ်သားပဲ၊ နင်က . . . ကဗျာဆရာ ဥတ္တရဆိုတာ နင် မပြောရင် ငါ . . သိပ်အံ့သြမှာ မဟုတ်ဘူး။

သြော် . . . ဝေဇင်ဆိုတဲ့ကောင်လေး . . သက်သက်ကိုချစ်နေတာ တော်တော်ကြာပြီပဲ။


www.burmeseclassic.com

www.burmeseclassic.com



အဲဒီလောက်ပဲ ငါ . . . ခံစားရ

မှာ။ အခု . . . ငါ အံ့သြတာက

သက်သက် သိပ်ကြိုက်တဲ့ ကဗျာ

ဆရာ ဥတ္တရက နင်,ကိုယ်တိုင်

ဖြစ်နေတာ။ အဲဒါကို . . . ငါ,

အံ့သြတယ်။ ရင်ထဲမှာလည်း

မကောင်းဘူး။

နင် . . . ဘာဖြစ်လို့ . .

"ကဗျာဆရာ ဥတ္တရ" ဆိုတဲ့ ဘဝ

ကို ဖုံးကွယ်ထားရတာလဲ။ ငါ့ကို

ပြောပြစမ်းပါ ဝေဇင်ရယ်"

"ကဗျာဆရာတွေက များ

သောအားဖြင့် ဆင်းရဲတယ်ဗျ၊

ကဗျာရေးရင် ထမင်းမဝဘူး။

အဲဒါကြောင့် ထမင်းဝဝ,

www.burmeseclassic.com

www.burmeseclassic.com



ကဗျာရေးချင်လို့ ကျွန်တော် . .

ကျွန်တော့်နာမည်အရင်း . . .

ဝေဇင်ဆိုတဲ့ နာမည်နဲ့ ဒီမှာ

ပိုက်ဆံ လာရှာနေတာလေ။

ကဗျာဆရာတိုင်းက ပိုက်

ဆံရှာရမှာ ရှက်တယ်။ အနု

ပညာကို ငွေကြေးနဲ့ လဲလှယ်ရ

တာကို ရှက်တယ်။ အဲဒီတော့

. . . ရှက်တတ်တဲ့ ကဗျာဆရာ

ဘဝကို ရှက်တတ်တဲ့နေရာမှာပဲ

တိတ်တိတ်လေး သိမ်းထားချင်

တယ်။

အခု . . . ဒီ . . . ငွေရှာ

မှာ မရှက်တဲ့ ဇာတ်ညွှန်းရေး

ဆရာ ဝေဇင်ဆိုတဲ့ ဘဝကိုတော့



www.burmeseclassic.com

www.burmeseclassic.com



လူမြင်ပါစေဗျာ။ ဒီ . . . အရှက်
မရှိတဲ့ မျက်နှာကို မြင်ချင်တဲ့သူ
မြင်ပေ့စေတော့။

ဥတ္တရဆိုတဲ့ ကဗျာဆရာ
ဘဝကိုတော့ မာန်မာနအပြည့်နဲ့
ဂုဏ်သိက္ခာရှိရှိ ထားချင်တယ်။
ဝေဇင်ဆိုတဲ့ကောင်က . . . ဟို
မဂ္ဂဇင်းက အင်တာဗျူးလည်း
ပါလိုက်။ ဒီဂျာနယ်က ဓာတ်ပုံ
လာရိုက်လည်း ပါလိုက်နဲ့ . . .
အရှက်ကို မရှိဘူး။

ဥတ္တရဆိုတဲ့ ကောင်က
တော့ သူ့မျက်နှာကို တခြားလူ
တွေ မြင်ဖို့မပြောနဲ့။ သူ့မျက်နှာ
ကိုတောင် သူ . . . မြင်ချင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ကောင် မဟုတ်ဘူး။ မမိုးမိုး နားလည်အောင် ပြောရရင် ဥတ္တရ ကဗျာကောင်းကောင်း ရေးနိုင်ဖို့။ ဝေဇင်က ပိုက်ဆံ ရှာပေးနေတာ”

မမိုးမိုး သက်ပြင်းချတယ်။ ပြီးမှ . . .

“နင်ဟာ . . ဥတ္တရဆိုတာ သက်သက်အပါအဝင် ဘယ်သူ့ကိုမှ မပြောဖို့ ငါ့ဆီက ကတိ, တောင်းမထားရင် ငါ . . . သက်သက်ကို အကုန် ဖွင့်ပြောပြမိမှာပဲ။

သူသာ . . . အဖြစ်မှန် သိသွားရင် ချစ်တဲ့ နင့်နှလုံးသား ကိုရော . . . မာနကြီးတဲ့ ဥတ္တရ

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ နှလုံးသားကိုရော သူ . . . ခင်တွယ်သွားမှာ အမှန်ပဲ။

"အနုပညာကို ချစ်လို့ လူကိုပါ ရောပြီးချစ်တာမျိုး ကျွန်တော် မလိုချင်ဘူး မမိုးမိုး၊ နောက်ပြီး . . .

မိန်းကလေးတစ်ယောက်က ယောက်ျားတစ်ယောက်အပေါ် ကရုဏာသက်ပြီး ချစ်လာတာမျိုးကို ကျွန်တော် မခံယူချင်ဘူး။

ကျွန်တော် သက်သက်စိုးကို ချစ်ခဲ့တာဟာ သက်သက်စိုးအဖြစ်ကိုပဲ ချစ်ခဲ့တာ။ သူ့အနုပညာကို ချစ်ခဲ့တာ မဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ချစ်မိပြီးမှ သူ့အနုပညာကို လေးစားစိတ်၊ ချစ်ခင်စိတ် ဖြစ်လာရတာ။

လူကို ချစ်ပြီးမှ သူ့ရဲ့ အနုပညာကိုပါ ကျွန်တော် . . . လေးလေးစားစား ချစ်ခဲ့ရတာပါ။

ဥတ္တရကို . . . သူ . . . ချစ်တယ်ဆိုခဲ့ရင်တောင် အဲဒါ ဥတ္တရရဲ့အနုပညာကို ချစ်တာပဲ ဖြစ်ပါလိမ့်မယ်။ အနုပညာကို ချစ်ပြီးမှ လူကို ချစ်တာမျိုးတော့ ကျွန်တော် မလိုချင်ဘူး။

ဘာပဲ ဖြစ်ဖြစ်ဗျာ . . .

အခု . . . ကျွန်တော် ဒီစာကို လက်ရေးဖျက်ပြီး ရှေ့

www.burmeseclassic.com

www.burmeseclassic.com



ထားတယ်။ မမိုးမိုး ပေးဖြစ်အောင် ပေး,ပေးပါ။ လူပုံစံ မေးရင်လည်း မမိုးမိုး အဆင်ပြေသလိုသာ ကြည့်ဖြေလိုက်ပါ။

နောက်ပြီး . . .

ကျွန်တော်ဟာ "ဥတ္တရ" ဆိုတာ ကျွန်တော့်ခွင့်ပြုချက်မရဘဲ သူ့ကို လုံးဝ မပြောပါနဲ့ . . . လို့ ကျွန်တော် ထပ်ပြီး တောင်းပန်ပါရစေဗျာ။

ကျွန်တော့်ကို ထပ်ပြီး ကတိပေးပါ"

"ပေးပါတယ်ဟယ် . . . စိတ်ချစမ်းပါ။ နင့်စကားတွေကို ကြားရတာ ငါတော့ နင့်ကို

www.burmeseclassic.com

www.burmeseclassic.com



သနားနေပြီ ဝေဇင်ရယ်။ သက်
သက်ရဲ့ မာတ်ပုံ မရ,ရ အောင်
ငါပြောပေးမယ် သိလား”

ကျွန်တော် . . . ခေါင်းညိတ်လိုက်တယ်။

ခေါင်းတစ်ညိတ်အတွင်းမှာ ရင်ထဲက . . . လှိုက်ခနဲ လှပ်ခနဲ ဖြစ်သွားတဲ့ ဝေဒနာတစ်ခုကို ကျွန်တော် သတိထား ခံစားလိုက်ရတယ်။

အဲဒါ . . .

ရင်နင့်အောင် ချစ်မိခဲ့ကြသူတွေရဲ့ ခံစားရလေ့ ရှိတဲ့ ဝေဒနာမျိုးလား . . . လို့ လောက,ကြီးကို မေး ကြည့်ချင်တယ်။ (ဒါမှ မဟုတ်၊ တစ်စုံတစ်ယောက်ကို နှစ်နှစ်ကာကာ ချစ်ခဲ့ဖူးကြတဲ့ လူ . . . အချင်းချင်း ဆွေးနွေး မေးမြန်းကြည့်ချင်တယ်)။

ရင်နာရတာဟာ . . .

ရင့်နင့်အောင် ချစ်မိခဲ့ကြလို့လား။

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားရင်း . . . မျက်ပန်းကို ပိတ်ပစ်လိုက်ရပြန်တယ်။

(ဇာတ်ညွှန်းရေးဆရာ . . . ဝေဇင် မျက်ရည်ဝေ့တော့မှာကို ကဗျာဆရာ ဥတ္တရက မလိုလားပြန်ဘူးတဲ့လေ)။

◈ ❖◈❖ ◈



www.burmeseclassic.com

www.burmeseclassic.com

# ( ၆ )

www.burmeseclassic.com

www.burmeseclassic.com

"အစိမ်းရောင်နှင်းဆီ" ပန်း အတုလေးကို အပြုံးလှလှလေးနဲ့ ကိုင်တွယ်ပြီး ရိုက်ပေးလိုက်တဲ့ သက်သက်စိုးရဲ့ဓာတ်ပုံ ကျွန်တော့်လက်ထဲကို ရောက်လာတယ်။ ကျွန်တော် အရမ်း ကြည်နူးသွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


"ငါ . . . စကားများသွား
သလားတော့ မသိဘူး။ မမိုးနဲ့
ဆရာဥတ္တရနဲ့ ဘယ်မှာတွေ့တာ
လဲ . . . လို့ သက်သက်လည်း
မေးလိုက်ရော ငါ . . . ဘယ်လို
ပြောရမှန်း မသိတာနဲ့ ဝေဇင်
ကတစ်ဆင့် စာနဲ့ အကူအညီ
တောင်းခိုင်းတာ . . . လို့ ငါ
. . . ပြောထားမိတယ်။ လူပုံစံ
တွေ ဘာတွေ မေးရင် ငါ . . .
ပြောပြတတ်မှာ မဟုတ်ဘူးဟ"

ကျွန်တော် . . . သက်ပြင်းမောချရင်း . . .

"ကျွန်တော့်ကို မေးရင်
လည်း ကျွန်တော် ကြည့်ကျက်
ဖြေလိုက်တာပေါ့ဗျာ၊ ဒါပေမဲ့


www.burmeseclassic.com

www.burmeseclassic.com



လို့ဝှက်ချက်ကိုတော့ လုံအောင်

အစွမ်းကုန် ထိန်းပေးပါ မမိုးမိုး

ရယ်နော်"

"အေးပါ"

"ဒီလ,ပိုင်းအတွင်း သူနဲ့

ကျွန်တော် ဆုံဖြစ်ဦးမှာ မဟုတ်

ဘူး၊ အူဝဲတို့နဲ့ ပြင်ဦးလွင်ကို

သွားရိုက်ရမှာ၊ ဇာတ်ညွှန်းက

မပြီးသေးဘူး၊ ဟိုရောက်မှ ဆက်

ရေးရမှာ၊ ပြန်လာရင် သူ . . .

ကျွန်တော့်ကို တစ်ခုခု မေးလိမ့်

မယ် ထင်တယ်"

မမိုးမိုးက မျက်ခုံးတန်းကို တွန့်ကွေး စဉ်းစား

လျက် . . .

"အင်း . . . မေးလိမ့်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာ နေတယ် . . . တို့ လူ

ပုံစံက, ဘယ်လိုပုံစံလဲတို့ မေးမှာ

အမှန်ပဲ"

ကျွန်တော်က . . .

"ကျွန်တော် . . .အဆင်

ပြေသလို ဖြေနိုင်မှာပါ။ ဒီကြား

ထဲမှာ . . . မမိုးမိုးက သူ ဘာ

မေးမေး ရေရေရာရာ မသိတဲ့

အတိုင်းပဲ နေလိုက်ပေါ့"

မမိုးမိုး ခေါင်းညိတ်တယ်။

ကျွန်တော် . . . သက်သက်စိုးရဲ့ ပြုံးနေတဲ့ . . . "အစိမ်းရောင် နှင်းဆီ" ဓာတ်ပုံလေးကို ကြည့်ပြီး ရင်တွေ ခုန်နေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဦးလွင်မှာ ဗီဒီယိုဇာတ်ကားတစ်ကား ရိုက်အပြီး ရန်ကုန်ကို ပြန်။ ရန်ကုန်ရောက်ရောက်ချင်း သက်သက်စိုးရဲ့ အစိမ်းရောင်နှင်းဆီ ဓာတ်ပုံလေးကို ဒီဇိုင်းဆရာဆီမှာ အပ်တယ်။ ဥတ္တရဆိုတာ ဘယ်မှာလဲ. . လို့ ဒီဇိုင်းဆရာက စပ်စုသေးတယ်။ ကျွန်တော့်သူငယ်ချင်း လို့ပဲ ကျွန်တော် . . . ပြီးစလွယ် ပြောလိုက်တယ်။ မင်းသမီး သက်သက်စိုးနဲ့ ဥတ္တရနဲ့ ရင်းနှီးလို့လား . . . ဘယ်လိုပတ်သက်တာလဲ . . . ဆိုတာတွေ အထိ စပ်စုတယ်။ ကျွန်တော် စိတ်နည်းနည်း တိုသွားတာနဲ့ ကိုယ့်အလုပ်ကိုယ်လုပ်ပါဗျာ၊ ကိုယ်ရေးကိုယ်တာတွေ မစပ်စုပါနဲ့ . . . လို့ . . . ပြုံးပြီး ပြောခဲ့တယ်။

(အဲဒါ . . . ကျွန်တော့်အမှားပါပဲ)

www.burmeseclassic.com

www.burmeseclassic.com

( ၇ )

www.burmeseclassic.com

www.burmeseclassic.com

"ကိုဝေဇင်နဲ့ ဆရာ ဥတ္တရ

တို့က ရင်းနှီးကြလို့လား"

ရိုက်ကွင်းတစ်ခုရဲ့ သစ်ပင်ရိပ်တစ်ခု အောက်

မှာ ကျွန်တော် သက်သက်စိုးမေးသမျှတွေကို မုသာဝါဒ

www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ ကာကွယ်နေရပြီ။

"ရင်းနှီးတယ်လို့ မဟုတ်ဘူးဗျ။ သွားရင်းလာရင်း စကားစပ်မိကြတာနဲ့ . . .

သူက . . .

မသက်သက်စိုးရဲ့ ခါတ်ပုံတစ်ပုံ တောင်းချင်လို့ ကျွန်တော်ကတစ်ဆင့် စာပေးခိုင်းလိုက်တာ"

"ဘယ်မှာနေတာလဲဟင်"

"နယ်မှာ . . .

ဘယ်နယ်ကလဲ ဆိုတာတောင် . . မေးမကြည့်ဖြစ်ဘူး"

အနားမှာ ထိုင်နေတဲ့ မမိုးမိုးက ကျွန်တော့်ကို တစ်ချက်ငဲ့ကြည့်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"လူပုံစံက,ရော ...

ဘယ်လိုပုံစံလဲ ...

ကျွန်မ,ကို ပြောပြပါလား။

ကျွန်မ, သူ့ကို သိပ်မြင် ဖူးချင်နေတာ"

"သူလိုကိုယ်လို ပုံစံပါပဲ၊ ထူးထူးခြားခြား အကျင့်စရိုက်တော့ မရှိဘူး"

"ကျွန်မအတွက် ထူးခြားနေတယ် ... ကိုဝေဇင်"

"ဘယ်လိုထူးခြားလို့လဲ ... မသက်သက်စိုးရဲ့"

"ကျွန်မ ...

ညက ဘုရားရှိခိုးတယ်။

ပြီးတော့...



www.burmeseclassic.com

www.burmeseclassic.com



တရားထိုင်တယ်။ တရား
ထိုင်ပြီး မေတ္တာပို့ရင်း . . .
ဒီည . . .
အိပ်မက်ထဲမှာ ကျွန်မ,
နှစ်သက်တဲ့ ကဗျာဆရာ ဥတ္တရ
ရဲ့ ရုပ်ကို မြင်ရပါစေ . . . လို့
ဆုတောင်းပြီး အိပ်တာ . . . ”
ကျွန်တော်က, ပြုံးလျက် . . .
“အဲဒီလို ဆုတောင်းပြီး
အိပ်တော့ မြင်ရလို့လား”
“မြင်တော့ မြင်ရတယ်။
အိပ်မက်ထဲမှာ မြင်ရတာ။
ဒါပေမဲ့ . . .
အိပ်မက်ထဲမှာ ကျွန်မ,
မြင်လိုက်ရတာ၊ ကဗျာဆရာ

www.burmeseclassic.com

www.burmeseclassic.com



ဥတ္တရကို မဟုတ်ဘူး၊ ကိုဝေဇင့်

ကို မြင်လိုက်ရတာ"

ကျွန်တော် မအံ့သြဟန်နဲ့ နေရတယ်။

ပြီးတော့မှ . . .

"မသက်သက်စိုးက . . .

ဒီမနက် ကျွန်တော့်ကို

တစ်ခုခု မေးမယ် . . . လို့ တွေး

ပြီး အိပ်လိုက်လို့ အိပ်မက်ထဲကို

ကျွန်တော် ရောက်လာတာ

ဖြစ်မယ်"

"မဟုတ်ဘူး ကိုဝေဇင်။

ကျွန်မ,က အဲဒီလို မတွေးဘူး၊

ဆရာဥတ္တရကို မြင်ဖူးချင်လို့ ဆု

တောင်းပြီး အိပ်တာ၊ ကိုဝေဇင့်

ကို ဘာကြောင့် အိပ်မက်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ရတာလဲ။

ကိုဝေဇင်များ ကဗျာဆရာ

ဥတ္တရ ဖြစ်နေလို့လား . . .

အဲဒီလိုအထိ တွေးလိုက်

မိတာ"

"ကျွန်တော်သာ . . .

ဆရာဥတ္တရဆိုရင် . . .

မသက်သက်စိုးဆီ က ဓာတ်ပုံကို

စာရေးပြီး တောင်းပါ့မလား၊

ကိုယ်တိုင်လာတောင်းမှာပေါ့။

မဟုတ်ဘူးလား"

"အင်း . . .

ဒါလည်း . . ဟုတ်တာပဲ။

ဘာပဲဖြစ်ဖြစ်လေ . . .

သူ့ကဗျာစာအုပ်မှာ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံလေး မျက်နှာဖုံးအဖြစ်
ပါခွင့်ရမှာကိုလည်း ကျွန်မကဲ
တွေးပြီး ကျေနပ်နေတာ။

လူချင်းဆုံရင်တော့ . . .
ပြောပေးပါ ကိုဝေဇင်ရယ်။
ကျွန်မ, သူ့ကို သိပ်တွေ့ချင်နေ
ပါတယ်လို့”

“ဟုတ်ကဲ့ . . ကျွန်တော်
ပြောလိုက်ပါ့မယ်။ တစ်ပါတည်း
ခေါ်လာခဲ့မယ် . . . မကောင်း
ဘူးလား”

သွားလှလှလေးနဲ့ နှုတ်ခမ်းလှလှလေးတို့
လိုက်ဖက်ညီစွာ သူ . . ရယ်မောတယ်။

ကျွန်တော် အကြာကြီး ငေးကြည့်ချင်လိုက်
တာ။



www.burmeseclassic.com

www.burmeseclassic.com


"သူ . . . ဘယ်အရွယ်

လောက် ရှိပြီလဲဟင်"

ရုတ်တရက် မေးခွန်း။

ကျွန်တော် ချက်ချင်း မဖြေနိုင်။

"အင်း . . လေးငါးဆယ်

လောက်တော့ ရှိမယ်ထင်တယ်"

"ကျွန်မစိတ်အထင်တော့

အဲဒီလောက် အသက်မကြီး

သေးဘူး ထင်နေတယ်"

အနားကို ရှုတင်မန်နေဂျာ ရောက်လာတယ်။

"သက်သက် ရိုက်မယ်" . . . ဆိုတဲ့ ရှုတင်

မန်နေဂျာရဲ့ စကားလေးက ကျွန်တော့်ကျဉ်းကျပ်မှု

တွေကို လွတ်မြောက်သွားစေတယ်။


www.burmeseclassic.com

www.burmeseclassic.com



ဒီဇိုင်းဆရာရဲ့ လုပ်ကြံမှုလို့ပဲ ယူဆ,ရမလား၊ ဒါမှမဟုတ် ကျွန်တော့်ရဲ့ကံတရားလို့ ပဲ ယူဆ,ရမလား မပြောတတ်တော့ဘူး။ သက်သက်စိုးရဲ့ ခေတ်ပုံလေး မီးလောင်ပျက်စီးသွားခဲ့ရတယ်။

မီးတောက်ထဲမှာ ပြုံးနေတဲ့ မိန်းကလေး တစ်ယောက်ရဲ့ ဒီဇိုင်းမျိုးရဖို့ ခေတ်ပုံကို မီးရှို့ရာက မီးလောင်စ, များသွားပြီး ပျက်စီးသွားရပါတယ် . . . တဲ့။

ကျွန်တော်က,တော့ တမင် ဖျက်ဆီးတယ်လို့ပဲ စွပ်စွဲပစ်လိုက်ပြီး အဲဒီဒီဇိုင်းဆရာကို . . . ရင်ထဲက တစ်သက်စာ ဆွဲထုတ်ပစ်လိုက်တယ်။

မီးလောင်သွားတဲ့ ခေတ်ပုံကို ပြန်တောင်းတာ တောင်မှ မရှိတော့ဘူး . . . လို့ပြောတယ်။ ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



ကို ကျွန်တော် အကြီးမားဆုံးအထိ ပုံကြီးချဲ့ပစ်လိုက်ချင်ပေမယ့် ကျွန်တော် . . . ဥတ္တရဆိုတာ သိ...ားတော့မှာ ဖြစ်တဲ့အတွက် "တောက်" တစ်ချက် ခေါက်ပြီးတော့သာ လမ်းခွဲပစ်ခဲ့တယ်။

(ရင်နာစရာ နိမိတ်ဆိုးပေါ့ . . . မသက်သက်စိုးရယ်)

◈

"ဥတ္တရ . . ဆိုတဲ့ သာမန်
ကဗျာဆရာတစ်ယောက်နဲ့
နိုင်ငံကျော် မင်းသမီး မရင်းနှီး
စေချင်လို့ တမင်နှောင့်ယှက်
ဖျက်ဆီးလိုက်တာလား၊ ဒါမှ
မဟုတ်, ဥတ္တရဆိုတာ ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဝါ သိချင်လို့ သွေးတိုးစမ်း
တာများလား”

“ဘာကြောင့်လုပ်လုပ်ကွာ
ပျက်စီးတာက ပျက်စီးသွားရတာ
ပါပဲ” . . .

လို့ ကျော်သိန်းကို ရင်မောစွာ ကျွန်တော်ပြောမိသည်။

“မင်း . . . အဲဒီ ဒီဇိုင်း
ဆရာကို ဆွဲမထိုးခဲ့ဘူးနော်”

“ဘယ်လိုလုပ် ထိုးလို့ရမှာ
လဲ . . သူ့ကို တစ်ချက်ထိုးလိုက်
တာနဲ့ သက်သက်စိုးဓာတ်ပုံဆိုတဲ့
အသံ၊ ဥတ္တရ . . ဆိုတဲ့ နာမည်၊
အကုန် ကြော်ငြာပြီးသား ဖြစ်
သွားမယ်”



www.burmeseclassic.com

www.burmeseclassic.com



"မင်း . . . တော်တော်စိတ်ထိန်းနိုင်သားပဲ"

"ငါ့စိတ်ကို ငါ . . . ထိန်းခဲ့တာ မဟုတ်ဘူး၊ သက်သက်စိုးရဲ့ ဂုဏ်သတင်းကို ငါ . . ကာကွယ်ခဲ့တာ"

"သူ့ဂုဏ်သတင်းကို ထိခိုက်စရာ မရှိပါဘူး၊ ဥတ္တရဆိုတဲ့ နာမည် ထွက်သွားမှာက အဓိကပါ၊ ဟုတ်တယ် မဟုတ်လား"

"ငါ . . . မပြောတတ်ဘူးကွ၊ ဥတ္တရနဲ့ သက်သက်စိုး ယှဉ်တွဲပြီး ထုတ်မယ့် အနုပညာပစ္စည်းတစ်ခု ပျက်စီးသွားလို့ ဝေဇင်က ဒေါသ,တကြီးနဲ့ ဒီရိုး



www.burmeseclassic.com

www.burmeseclassic.com



သမားကို ဆွဲထိုးခဲ့တယ်၊ ရိုက်နှက်ခဲ့တယ် . . . ဆိုတာကိုက အားလုံးကို ထိခိုက်မယ့် သတင်းဆိုးမျိုးလို့ ငါ ယူဆတယ်။

သက်သက်စိုးရဲ့ ခေတ်ပုံလေး ပျက်စီးသွားရလို့ . . . ဆိုတဲ့ အသံ . . . လုံးဝ . . . ငါ မထွက်စေချင်ဘူး၊ အဲဒါကြောင့် . . . ငါ . . . လက်မပါအောင် ထိန်းပြီး ပြန်ခဲ့ရတာ”

“ထားပါတော့ . . ခေတ်ပုံပျက်စီးသွားတဲ့ကိစ္စ သက်သက်စိုးကို မင်း . . . ဘယ်လို အသိပေးမလဲ၊ အစိမ်းရောင်နှင်းဆီ . . . ဆိုတဲ့ ကဗျာစာအုပ် ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာရင် သူ့မျက်နှာဖုံးလေးနဲ့
ထွက်လာမယ်လို့ သက်သက်စိုး
မျှော်နေမှာ အမှန်ပဲ၊ အဲဒါ မင်း
. . . ဘယ်လို ရှင်းမလဲ”

ကျွန်တော် ကစ်ခုခု ပြန်ပြောမယ် အလုပ်မှာ ကျော်သိန်းက . . .

“နေဦး . . .
ငါ ဆက်ပြောမယ် . . .
ခတ်ပုံ ပျက်စီးသွားတဲ့
အကြောင်း သက်သက်စိုးကို
မလွှဲမသွေ အသိပေးရတော့
မယ်။

အဲဒီလို အသိပေးမယ့်
အခါ . . . ကဗျာဆရာ ဥတ္တရ
က အသိပေးမှာလား၊ နဂိုလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ညွှန်းရေးဆရာ ဝေဇင်က

တစ်ဆင့်ခံ အသိပေးမှာလား။ ငါ

. . . မေးချင်တာ အဲဒါ . . .”

သက်ပြင်းမောကိုသာ ချလိုက်ရတယ်။

ရင်အမောက မပြေဘူး။

“မမိုးမိုးနဲ့ တိုင်ပင်ကြည့်ရဦးမှာပေါ့”

www.burmeseclassic.com

www.burmeseclassic.com

( ၈ )

www.burmeseclassic.com

www.burmeseclassic.com

"အဲဒီဓာတ်ပုံ ပျက်သွား

တာ သူ စိတ်မဆိုးဘူး . . . တဲ့၊

အစိမ်းရောင်နှင်းဆီ . . . ကဗျာ

စာအုပ်ထွက်တဲ့အခါ လူကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင် သူ့ကို စာအုပ်လက်ဆောင်

လာပေးမယ်ဆိုရင် နောက်ထပ်

. . . ရိုက်ပြီးသား ဓာတ်ပုံတစ်ပုံ

ထပ်ပေးမယ် . . . တဲ့"

ကျွန်တော့်စိတ်ထဲ နည်းနည်းပဲ ဝမ်းသာမိ

တယ်။

"ဘယ်နှယ့်လဲ . . ဝေဇင်၊

နင့်ကိုယ်နင် ဥတ္တရပါ . . . လို့

စာအုပ်ထွက်တဲ့နေ့မှာ ဝန်ခံချင်

ရဲ့လား"

မမိုးမိုးရဲ့ အမေးကို ကျွန်တော် ချက်ချင်း

မဖြေဘဲ . . .

"သူက . . . ဥတ္တရကို

ဘာဖြစ်လို့ မြင်ဖူးချင်နေရတာ

လဲ မမိုးမိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . ဒါကတော့
ဟယ် . . . မမြင်ရလေ ပိုတွေ့
ချင်လေ ဆိုတာမျိုး ဖြစ်မှာပေါ့။
ဒါပေမဲ့ . . .
အဲဒီထက် ပိုတာတော့ ငါ
. . . သိတယ်၊ ဘယ်လိုပိုတယ်
ဆိုတာတော့ ငါ မမှန်းတတ်ဘူး၊
အဲဒါ . . . သူ့ စိတ်ထဲက ကိစ္စ
ဆိုတော့ . . ."

"အေးဗျာ . . . ဥတ္တရ
ကိုယ်တိုင် လာပေးမယ်လို့ ပြော
လိုက်ပါ။ ကျန်တာတွေတော့
မပြောလိုက်ပါနဲ့ဦး မမိုးမိုးရယ်"

မမိုးမိုး ပြုံးနေပေမယ့် ကျွန်တော် . . . မပြုံးရ။
ချစ်သော သက်သက်စိုးရဲ့ စိတ်ထဲမှာ ကျွန်ုပ်ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ဥတ္တရ ရှိနေတာကို ကျွန်တော် မနာလိုဘူး။

◈

ဒီလိုနဲ့ပဲ ကျွန်တော့်ကဗျာစာအုပ်လေး အထ, မြောက်ခဲ့တယ်၊ ဥတ္တရအဖြစ်နဲ့ သက်သက်စိုးရဲ့ ရှေ့မှောက်ကို သွားပြီး ကိုယ်တိုင်ကိုယ်ကျ လက်ဆောင်ပေးဖို့ကိစ္စ အတော်လေးကို စဉ်းစား ချင့်ချိန်ခဲ့ရတယ်။

ဇာတ်ညွှန်းရေးဆရာ . . . ဝေဇင်ဟာ ကဗျာဆရာ ဥတ္တရပါလား . . . လို့ သက်သက်စိုး သိသွားရုံနဲ့ ကျွန်တော့်ရင်ထဲက လိုအင်ဆန္ဒ ပြည့်စုံသွားရမှာမှမဟုတ်ဘဲ။

◈



www.burmeseclassic.com

www.burmeseclassic.com


အဲဒါကြောင့် . . .

မမိုးမိုးနဲ့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးဖြစ်တယ်။

မနက်ဖြန်မနက် ကိုးနာရီလောက်မှာ . . . ကျွန်တော်နဲ့ သက်သက်စိုး ကြုံဆုံရဦးမယ်။ ရေးပြီးသား ဇာတ်ဝင်ခန်းတချို့ရဲ့ ဇာတ်ညွှန်းတွေကို ဒါရိုက်တာ လက်ထဲမှာ ကြိုပေးထားခဲ့ပြီး မနက်ဖြန် ရိုက်ကွင်းကို နောက်ကျမှ သွားဖို့ ကျွန်တော် ဆုံးဖြတ်တယ်။

ကျွန်တော် မလာခင်မှာ . . . မမိုးမိုးဟာ သက်သက်စိုးကို အောင်သွယ်စကား တစ်ခွန်းစ, နှစ်ခွန်းစ, ပြောထားပေးဖို့ပါပဲ။

ကဗျာဆရာ ဥတ္တရက မင်းသမီးသက်သက်စိုး ကို တိတ်တခိုး ချစ်မြတ်နိုးနေတဲ့အကြောင်း မမိုးမိုးက စကားဦး သန်းထားမယ်။ သူ . . . ပြောဆိုအသိပေးပြီး


www.burmeseclassic.com

www.burmeseclassic.com


တဲ့ အချိန်လောက်ကို မှန်းပြီး ရိုက်ကွင်းကို ကျွန်တော် သွားမယ်။

သွားပြီး ထမင်းစားချိန်လောက်မှာ . . .

ကျွန်တော့်ရဲ့ "အစိမ်းရောင်နှင်းဆီ" ကဗျာစာအုပ်လေးကို ကိုင်ပြီး သက်သက်စိုးအတွက် ကိုယ်တိုင် လက်ဆောင်သွားပေးမယ်။

"ကျွန်တော် . . . ကဗျာဆရာ ဥတ္တရပါပဲ . . . မသက်သက်စိုး"

. . . လို့ အရဲစွန့်ပြီး ပြောပြမယ်။

အဲဒီလို ပြောလိုက်တဲ့အခါ သူ့ရဲ့ တုံ့ပြန်မှုတစ်ခုခုတိုင်းဟာ ကျွန်တော့်အတွက် အရေးအကြီးဆုံး လက်ဆောင်တစ်ခုပေါ့။

ဒါပေမဲ့ . . .

မမိုးမိုးရဲ့ နောက်ဆက်တွဲ အသိပေးစကားတစ်ခွန်းကြောင့် ကျွန်တော့်မျှော်လင့်ခြင်းတွေ ပျက်စီး


www.burmeseclassic.com

www.burmeseclassic.com



သွားစေပြန်တယ်။

"ချစ်နေခဲ့တာကို ချစ်နေ
ခဲ့တဲ့အကြောင်း ငါ . . . ပြော
ပေးဖို့ ဝန်မလေးပါဘူး၊ ငါ . . .
မနက်ဖြန် ပြောကို ပြောမှာပါ။
ဒါပေမဲ့ . . . နင် တစ်ခု
တော့ ကြိုသိထားစရာ ရှိတယ်။
အဲဒါ ဘာလဲဆိုတော့ . .
သက်သက်က အိမ်ထောင်ပြု
တော့မှာ"

"ဟုတ်လား"

. . . ဆိုတဲ့ အံ့ဩရင်မြွေ စကားသံ
တစ်ခုပဲ၊ ကျွန်တော် ပြောနိုင်လိုက်တော့တယ်။

"သက်သက်က နင့်ကို
ပြန်ချစ်တာ မချစ်တာ အဓိက



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးလေဟာ။

နင် . . ချစ်နေခဲ့ရတာကို သူ သိစေချင်တယ်။ အဲဒီတော့ ငါ ပြောဖြစ်အောင်ပြောမယ်။

ပြန်ချစ်ဖို့ မလိုဘူး။ ဝေဇင် လို့ နင်သိထားတဲ့ ဥတ္တရဆိုတဲ့ ကဗျာဆရာလေးက နင့်ကို ချစ်နေတယ်ဆိုတာလောက်တော့ နင် အသိအမှတ်ပြုပေးပေါ့ . . လို့၊ ငါ . . . သက်သက်ကို ပြောမယ်။

နင် ဘာမှ ဆက်မစဉ်းစား နဲ့တော့။

နင့်တာဝန်က မနက်ဖြန် ရိုက်ကွင်းကို နောက်ကျမှလာ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးရင် . . .

ကျွန်တော် ဥတ္တရကိုယ်တိုင် မသက်သက်စိုးကို ကဗျာစာအုပ်လက်ဆောင် လာပေးပါတယ် . . . လို့ ပြော။ ဒါပဲပေါ့ . . . မဟုတ်ဘူးလား”

“သူ . . . အိမ်ထောင်ပြုမယ့် အစီအစဉ်ကို နှောင့်ယှက်သလို ဖြစ်သွားနိုင်သလား . . . မမိုးမိုး”

“မဖြစ်နိုင်ပါဘူးဟာ . . . ချစ်ခွင့်ပန်တယ်ဆိုတာ ရယူခွင့်တောင်းတာမှ မဟုတ်တာ။ ကာယကံရှင် သိမြင်အောင် ရင်ဖွင့်ပြတာမျိုးလည်း ရှိတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



လိုချင်တာ မရပေမယ့်

လိုချင်မြတ်နိုး ခဲ့ပါတယ်ဆိုတာ

ကိုယ်ချစ်တဲ့သူ သိအောင်တော့

ပြောခွင့်ရှိပါသေးတယ်"

သက်ပြင်းမောသာ ချလိုက်မိတယ်။

မနက်ဖြန်မနက်ခင်းကို ရင်ဆိုင်နိုင်ဖို့ စွမ်းအား

နည်းပါးခဲ့ရပြီလေ။

◈ ❖◈❖ ◈

www.burmeseclassic.com

www.burmeseclassic.com

( ၉ )

www.burmeseclassic.com

www.burmeseclassic.com

"ချစ်တယ် . . .

ချစ်မိခဲ့တယ်ဆိုတာ . .

အသိကို မပေးသင့်တော့ဘူး

လေ၊ အဲဒါကို မင်း . . မစဉ်းစား

www.burmeseclassic.com

www.burmeseclassic.com



မိဘူးလား . . . ဝေဇင်"

ကျော်သိန်း၏ အပြစ်တင်စကား။

"ငါ . . စဉ်းစားမိပါတယ်။

ဒါပေမဲ့ . . .

သူ သိအောင်တော့ ပြော

ခွင့်ရချင်တယ်။ အဲဒါကြောင့်

မမိုးမိုးကို ငါ . . . မတားဖြစ်

တော့တာ"

"မကောင်းဘူးကွ။

မလုပ်သင့်ဘူး။

သက်သက်စိုး သိသွားပြီပဲ

ထား . . . မင်းကို စိတ်ဆိုးချင်

ဆိုးမယ်၊ ဒါမှမဟုတ် ကဗျာ

ဆရာ ဥတ္တရအပေါ်ထားတဲ့

သံယောဇဉ်စိတ်ကြောင့် စိတ်



www.burmeseclassic.com

www.burmeseclassic.com



မဆိုးဘူးဆိုရင်တောင် သူ . . .
စိတ်မကောင်းဖြစ်သွားမယ်
ဆိုတာ မင်း . . . ထည့်တွက်
သင့်တယ်"

"စိတ်ဆိုးရင်လည်း . . .
တောင်းပန်လိုက်မယ်ကွာ။

ဘာကိုမှ မမျှော်လင့်ပါဘူး
ဆိုတာပါ ငါ . . . ထည့်ပြော
လိုက်ပါ့မယ်။

ငါ တော်တော် စိတ်ထိ
ခိုက်သွားတာတော့ အမှန်ပဲ
ကျော်သိန်း"

"စိတ်ထိခိုက်မှာချင်း
အတူတူ မျိုသိပ်လိုက်တာ ပို
ကောင်းတာပေါ့ကွ"

www.burmeseclassic.com

www.burmeseclassic.com



“ငါ . . . မျိုးသိပ်ထားတာ
ကြာပြီလေ သူငယ်ချင်း”
ညည်းညူစွာ ပြောလိုက်မိတယ်။
ကျော်သိန်းက . . .

“မင်းက ကဗျာဆရာ လုပ်
နေပြီး အချစ်အကြောင်းကို သိပ်
မသိသေးပါလား ဝေဇင်။

လောကကြီးမှာ . . .

ချစ်တယ် . . .။ ဒါပေမဲ့
ချစ်တဲ့အကြောင်းကို အသံသဲ့သဲ့
လောက်တောင် ထွက်ပေါ်ခွင့်
မရတဲ့သူတွေ အများကြီး ရှိ
တယ်ကွ။

အချစ်ကို ကဗျာဖွဲ့နေတဲ့
သူတွေ၊ သီချင်းလုပ်ဆိုနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူတွေကို ငါ . . . မေးလိုက်ချင်တယ်။

ကဗျာဖွဲ့ခွင့်၊ သီချင်းလုပ်ဆိုခွင့်၊ ရင်ဖွင့်ခွင့် မရတဲ့ လူတွေရဲ့ အချစ်ကို ဘယ်လို ဖွဲ့စပ်သီဆိုကြမလဲ။

တကယ့်ချစ်ခြင်းရဲ့ သီဆိုသံက အသံ မထွက်ဘူးကွ။ ရင်ထဲက . . ကို၊ မြတ်မြတ်နိုးနိုးနဲ့ သီးသန့်လေး ချစ်နေကြရတာ"

"မင်းပြောတာ မှန်ပါတယ်ကွာ။

ဒါပေမဲ့ . . .

ငါက မမိုးမိုးကို ရင်ဖွင့်မိခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာကိုး။ မပြောတော့ဖို့ . . . ငါ

တားရင်တောင် မမိုးမိုးက

လိုက်နာမှာ မဟုတ်တော့ဘူး"

"အေး . . .

မင်းဇာတ်လမ်းက မစ,ခင်

ကတည်းက ကံဆိုးပြီးသား ဖြစ်

နေပြီ။ အခံရ သက်သာပါစေ

လို့ပဲ ငါ . . . ဆုတောင်းရတော့

မှာပေါ့ကွာ။

နေဘ် . . . သူငယ်ချင်း"

ခေါင်းတစ်ချက်သာ ညိတ်လိုက်မိတယ်။

ကြိုးပြတ်ကျသွားတဲ့ ရုပ်သေးရုပ်တစ်ရုပ်ရဲ့

လည်တိုင်လိုပါပဲ။

ပြန်လည်ဦးမော့ဖို့ရာ မလွယ်ကူမှန်း ကိုယ့်

ကိုယ်ကိုယ် သိနေဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



(ကျွန်တော် . . .

နောက်ကျသွားခဲ့တာလား မသက်သက်စိုးရယ်)

◈

"သက်သက် ဆေးရုံမှာ"

. . . ဆိုတဲ့ ဒါရိုက်တာရဲ့စကားကို ကြားကြားချင်း ကျွန်တော့်နား မရှင်းသလို ဖြစ်သွားရတယ်။

နောက်တော့မှ . . .

ပြောရင်းဆိုရင်း မေးမြန်းရင်းနဲ့ နားရှင်းသွားရတဲ့ အဖြစ်ဆိုးကတော့ . . .

ဒီနေ့မနက် ခုနစ်နာရီလောက်မှာ မမိုးမိုးတစ်ယောက် အစာအိမ် သွေးကြောပေါက်ပြီး သေဆုံးသွားရတယ် ဆိုတဲ့ အဖြစ်ဆိုးပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ရိုက်ကွင်းပျက်သွားတယ် ဆိုပါတော့။

သက်သက်စိုးက,တော့ . . .

သူ့လုပ်ဖော်ကိုင်ဖက် (လက်တွဲဖော်) မမိုးမိုးရဲ့ ဈာပနကိစ္စကို ကိုယ်တိုင်ကိုယ်ကျ ဦးစီးဆောင်ရွက်ပေးဖို့ ဆေးရုံမှာ ရှိနေသေးတယ် ဆိုတဲ့အတွက် . . .

ကျွန်တော် . . .

ဆေးရုံကို လိုက်သွားဖြစ်ပါတယ်။

ကျွန်တော် ဆေးရုံကိုရောက်တော့ မမိုးမိုးရဲ့ ရုပ်ကလာပ်ကို မြင်ခွင့်မရတော့ပါဘူး။ အအေးခန်းထဲ ရောက်ပြီးသွားပါပြီ။

သက်သက်စိုးက, ကျွန်တော့်ကို တွေ့တွေ့ချင်း . . .

"ရိုက်ကွင်း ဖျက်လိုက်ပြီလား" လို့ မေးပါတယ်။

ကျွန်တော် ခေါင်းညိတ်ရုံသာ ညိတ်ပြဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"သက်သက် . . . မမိုးမိုး
ဘာပြောသွားသေးလဲ။ အသက်
မီလိုက်သေးလား"

ခေါင်းခါတယ်။

"ဆေးရုံတင်လိုက်ပြီဆို
တာ ကြားကြားချင်း အမီလိုက်
လာတာ၊ မမီလိုက်ဘူး"

ရင်ထဲမှာ . . .

မမိုးမိုးအတွက်လည်း အံ့ဩရလောက်အောင်
စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရပါတယ်။

ကြုံတွေ့လိုက်ရတဲ့ ကိုယ့်အဖြစ်, ကိုယ့်အပျက်
အတွက်လည်း ပြောစရာစကား ကင်းပ,သွားရ
လောက်အောင် ရင်နဲ့မဆံ့ ပြည့်ကျပ်သွားခဲ့ရတယ်။

အဲဒါကြောင့်ပဲ . . .

သက်သက်စိုးကို ပေးဖို့ ရည်ရွယ်သယ်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့ "အစိမ်းရောင်နှင်းဆီ" . . . ဆိုတဲ့ ကဗျာစာအုပ် လေးဟာ ကျွန်တော့်လွယ်အိတ်ထဲမှာ နေမြဲအတိုင်း ရှိခဲ့ရတော့တယ်။

"ညက သူ ဖုန်းဆက်ပြီး
ကျွန်မကို နောက်နေသေးတယ်
. . နင့်ကိုတဲ့ . . . ကဗျာဆရာ
ဥတ္တရက ကြိုက်နေတာတဲ့။
မနက်ကျရင် . . .
အဲဒီ ဥတ္တရကိုယ်တိုင်
နင့်ဆီကို ကဗျာစာအုပ် လာပေး
လိမ့်မယ် . . . တဲ့။ ဖုန်းဆက်
ရင်း နောက်နေ ပြောင်နေကြ
သေးတယ်။
မနက်ရောက်တော့ . . .
အောင့်တယ်ဆိုပြီး ဆေးရုံတင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတယ် . . . တဲ့။ ကျွန်မ,

ရောက်တော့ . . . ဆုံးပြီးပြီ”

အ, မင်္ဂလာ အချိန်။

ဝမ်းနည်း စိတ်မကောင်းစရာ အချိန်။

ဒီအချိန်မျိုးမှာ . . .

ကျွန်တော် ဥတ္တရပါ . . . လို့ ပြောပြီး ကဗျာစာအုပ်လေး လက်ဆောင်ပေးလိုက်ရုံနဲ့ ဘာမှ ထူးလာတော့မှာမှ မဟုတ်တဲ့အပြင် ပေးချင်တဲ့စိတ်လေး နွမ်းနယ်သွားရတဲ့အတွက် ကျွန်တော် ငြိမ်သက်နှုတ်ဆိတ်နေလိုက်ရပါတယ်။

(ရင်နာရမှာလား . . .

ရင်နင့်ရမှာလား . . . ဆိုတာတောင် မတွေးဖြစ်တော့ဘူး မသက်သက်စိုးရယ်)။

◈



www.burmeseclassic.com

www.burmeseclassic.com



"ကိုဝေဇင်"

"ပြောလေ မသက်သက်စိုး . . . ကျွန်တော် ဘာလုပ်ပေးရမလဲ"

သက်ပြင်းချပြီး

"ဘာမှ လုပ်မပေးရပါဘူး၊ ဒီနေ့ ရိုက်ကွင်းကို ဆရာ ဥတ္တရများ ရောက်လာသေးလားလို့ပါ"

"မလာဘူးထင်တယ် . . မသက်သက်စိုး။ ကျွန်တော် မတွေ့ခဲ့ဘူး"

"အဲဒီကဗျာဆရာက . . ကျွန်မကို လွန်ခဲ့တဲ့ လေး ငါး



www.burmeseclassic.com

www.burmeseclassic.com



ခြောက်နှစ်လောက်ကတည်းက
နှစ်သက် နေတာတဲ့၊ မမိုးမိုးက
. . . ညက ဖုန်းဆက်ပြီး ပြော
တာ။ ကျွန်မ,က မနောက်ပါနဲ့လို့
ပြောတော့ မမိုးမိုးက . . .

အေး . . . မနက်ကျရင်
ကြည့်နေတဲ့၊ အဲဒီ . . . ဥတ္တရ
ကိုယ်တိုင် နင့်ကို ကဗျာစာအုပ်
လာပေးလိမ့်မယ် . . . တဲ့။

ကျွန်မ,လည်း ဝမ်းသာမိ
တာနဲ့ ရိုက်ကွင်းကို စောစော
လာဖို့ စီစဉ်နေတာ။

မမိုးက . . . ဗြုန်းစားကြီး
အခုလိုဖြစ်သွားတာ စိတ်ထဲ
မကောင်းဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း အံ့သြ
တယ်. . . မနေ့ညနေကတင်
ကျွန်တော် သူနဲ့ ခဏတွေ့သေး
တယ်။ ကျွန်တော့်ကိုလည်း
နောက်သေးတယ်။
မမိုးမိုးက . . ."

"ဘယ်လို နောက်သွား
သေးတာလဲ"

. . . လို့ သက်သက်စိုးက မေးတယ်။
ကျွန်တော် ဆင်ဆင်ခြင်ခြင် ဖြေရတယ်။

"မသက်သက်စိုးတောင်
အိမ်ထောင်ပြုတော့မှာတဲ့"

"ဩော်"

မသက်သက်စိုးက မပြုံးချင်ပြုံးချင်နဲ့ ပြုံးရင်း
စိတ်မကောင်းဖြစ်သွားပုံရတယ်။

www.burmeseclassic.com

www.burmeseclassic.com



"မမိုးမိုးက . . . တကယ့်
သတင်းအမှန် ပေးသွားတာ
လား၊ နောက်သွားတာလား
မသက်သက်စိုး"

"သတင်းအမှန်ပဲ ဆိုပါ
တော့"

ရင်မောသံနဲ့ ပြောလိုက်တဲ့ စကားသံလေးကြောင့် ကျွန်တော့်ရင်ထဲမှာ ပို . . . ပိုပြီး မောသွားရတယ်။

(မမိုးမိုးရယ် . . .

ခင်ဗျား ကျွန်တော်တို့နှစ်ယောက်ကို နောက်သွားတာလား၊ ဒါမှမဟုတ် သေခြင်းတရားက,ပဲ ကျွန်တော်တို့အားလုံးကို နောက်ပြောင်သွားတာလားဗျာ)။



www.burmeseclassic.com

www.burmeseclassic.com

# အသံမဲ့သီချင်း

www.burmeseclassic.com

www.burmeseclassic.com

( ၁၀ )

www.burmeseclassic.com

www.burmeseclassic.com

"ဆရာ ဥတ္တရ"

. . . ဆိုတဲ့ အမည်နဲ့ ဖိတ်စာတစ်စောင်၊

"ဆရာ ဝေဇင်"

. . . ဆိုတဲ့အမည်နဲ့ ဖိတ်စာတစ်စောင်သက်



www.burmeseclassic.com

www.burmeseclassic.com



သက်စိုးက ကျွန်တော့်ကို ပေးတယ်။

ဖိတ်စာ (၂) စောင်စလုံး ကျွန်တော့်လက်ထဲကို ရောက်တဲ့အခါ သက်သက်စိုးက . . .

"ဆရာဥတ္တရကို သေသေ
ချာချာ ဖိတ်ပေးပါနော် . . .
ကိုဝေဇင်။
သူနဲ့ စကားပြောခွင့် မရ
ရင်တောင် သူ . . . ကျွန်မ
မင်္ဂလာပွဲကို လာချီးမြှင့်တာကို
ကျွန်မ, လိုလားလို့ပါ"
"စိတ်ချပါ
မသက်သက်စိုး . . .
သူ . . . လာမှာပါ။
ကျွန်တော် သေသေချာ
ချာ ဖိတ်ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲ"

မျက်လုံးထဲက . . .

သံယောဇဉ် အငွေ့အသက်တွေ၊

ကြေကွဲရိပ်တွေကို . . .

သက်သက်စိုး မရိပ်စားမိအောင် နေထိုင်ရတဲ့ ဒုက္ခ ကြီးမားလွန်းလှပါတယ်။

နိုင်ငံကျော် မင်းသမီးတစ်ယောက်ကို . . .

သာမန် ကဗျာဆရာတစ်ယောက်က . . .

နှစ်သက် မြတ်နိုးမိလို့ . . .

ကြေကွဲခံစားရတဲ့ သာမန်ဝေဒနာမျိုးထက်

ပိုပြီး . . .

ကျွန်တော် ခံစားရတယ်။

ဇာတ်ညွှန်းရေးတဲ့ ကလောင်နာမည်နဲ့ ကဗျာ ရေးတဲ့ ကလောင်နာမည်ကို ခွဲခြားမှည့်ခေါ်ထားခဲ့မိတာ ကျွန်တော် မှားခဲ့သလား။

www.burmeseclassic.com

www.burmeseclassic.com



"ကဗျာဆရာ ဥတ္တရ" ဆိုတာ . . .

ကျွန်တော်ပါပဲ ဆိုတာမျိုး သက်ရောက်စေတဲ့ အင်တာဗျူးတွေ ဘာတွေ မလုပ်ခဲ့မိတာများ ကျွန်တော် မှားခဲ့သလား။

ဒါမှမဟုတ် . . .

မရှိးသားတဲ့ အချစ်စိတ်ကို ကျိတ်မှိတ်မျိုသိပ နှုတ်ဆိတ်ခဲ့တာများ ကျွန်တော် မှားသွားသလား။

ရင်ဖွင့်ခွင့် ရချင်ပါတယ်။

ရင်ဖွင့်ရဲချင်ပါတယ်။

(ဒါပေမဲ့ . . .

မသက်သက်စိုးရယ် . . .

သိပ်ချစ်လွန်းလို့ မျိုသိပ်နှုတ်ဆိတ်ခဲ့ပြီပဲ။

တစ်သက်လုံး မျိုသိပ်ထားဖို့ ဆုံးဖြတ်ရုံကလွဲလို့

ကျွန်တော် . . .

ဘာများ စွမ်းဆောင်နိုင်မှာတဲ့လဲ)။



www.burmeseclassic.com

www.burmeseclassic.com



သက်သက်စိုးရဲ့ မင်္ဂလာပွဲပြီးရင် ဇာတ်ညွှန်း ရေးတဲ့အလုပ်ကို စွန့်လွှတ်လိုက်ဖို့ ကျွန်တော် ဆုံးဖြတ်လိုက်ပါတယ်။

မြင်နေ . . .

တွေ့နေ . . .

နီးကပ်နေသမျှ . . .

အုံကြွပေါက်ကွဲခွင့် မရတဲ့ ဘဝအခြေအနေကြားမှာ ကျွန်တော့်စိတ်ထားတွေ မညစ်ပတ်စေချင်တော့ဘူး။

အဲဒါကြောင့် . . .

ချစ်သူနဲ့ ဝေးရပြီဆိုတဲ့ . . . အခြေအနေကို ရင်ဆိုင်ပြီးတဲ့နောက် တကယ်ဝေးဝေးနေဖို့ ဆုံးဖြတ်ဖြစ်တာပါ။

ဒီတစ်သက် . . .



www.burmeseclassic.com

www.burmeseclassic.com



ကဗျာဆရာ ဥတ္တရရဲ့ အမည်ရင်း၊ နေရပ်လိပ်စာ၊ လူပုံသဏ္ဌာန်တွေကို ဘယ်အရပ် ဘယ်ဌာနမှာမှ မသိမမြင်ရလေအောင် ကျွန်တော် ကြိုးပမ်းနေထိုင်သွားရဦးမှာပါ။

(ကျွန်တော့်ကို တိတ်တဆိတ် နှုတ်ဆက်ခွင့်ပြုပါ . . . မသက်သက်စိုးရယ်)။

◈

သိတဲ့အတိုင်းပဲ။

နိုင်ငံကျော်မင်းသမီးတစ်ယောက်ရဲ့ မင်္ဂလာ ဧည့်ခံပွဲ ဘယ်လောက်အထိ စည်ကားမယ်ဆိုတာ။

စည်စည်ကားကား လူတွေကြားမှာ ကျွန်တော်က ဘယ်လောက်များ ထည်ဝါမှာမို့လဲ။





ဒါပေမဲ့ . . .

ကျွန်တော်ထိုင်နေရာ စားပွဲဝိုင်းဆီကို သက်သက်စိုး ရောက်လာပါတယ်။

သတို့သားကတော့ တခြားစားပွဲဝိုင်း တစ်ခုမှာပါ။

"ကိုဝေဇင် . . .

ဆရာဥတ္တရ မလာဘူး

လားဟင်"

အပြေးခြေလှမ်းလေးနဲ့ လှမ်းလာရင်း သူ . . . မေးတာပါ။

ကျွန်တော် . . . ကြိုးပမ်း ပြုံးပြီး . . .

"ကျွန်တော် . . .

သေသေချာချာ သွားဖိတ်

ပါတယ်။

ဒါပေမဲ့ . . .



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ . . .

ကျွန်တော်ထိုင်နေရာ စားပွဲဝိုင်းဆီကို သက်သက်စိုး ရောက်လာပါတယ်။

သတို့သားကတော့ တခြားစားပွဲဝိုင်း တစ်ခုမှာပါ။

"ကိုဝေဇင် . . .
ဆရာဥတ္တရ မလာဘူး
လားဟင်"

အပြေးခြေလှမ်းလေးနဲ့ လှမ်းလာရင်း သူ . . . မေးတာပါ။

ကျွန်တော် . . . ကြိုးပမ်း ပြုံးပြီး . . .

"ကျွန်တော် . . .
သေသေချာချာ သွားဖိတ်
ပါတယ်။

ဒါပေမဲ့ . . .



www.burmeseclassic.com

www.burmeseclassic.com



သူ ရောက်မလာဘူး"

"ကိုဝေဇင်ကလည်း အား
မကိုးရဘူး၊ ကျွန်မ,က ဆရာ့ကို
အရမ်းတွေ့ချင်နေတာ။

ပြီးတော့ . . .

စကားတွေ အရမ်းပြော
ချင်နေတာ။

ပြီးတော့ . . .

မေးခွန်းတွေ အများကြီး
မေးချင်နေတာ။

ဥပမာ . . .

မမိုးမိုး မဆုံးခင်က ပြော
သွားတဲ့ စကားတွေကို ကျွန်မ,
ဆရာ့ကို လေးလေးစားစား ရဲရဲ
ဝံ့ဝံ့ မေးကြည့်ချင်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ မေးကြည့်ချင်တာလဲဗျာ"

"ဩော် . . .

ကျွန်မ နှစ်သက်တဲ့ . . . လူတစ်ယောက်က ကျွန်မ,ကို နှစ်သက်တယ်ဆိုတာသာ ဟုတ်မှန်ရင် . . .

အဲဒါ . . .

ကမ္ဘာပေါ်မှာ ကျွန်မ, လိုချင်တာ ရလိုက်တာနဲ့ အတူတူပဲပေါ့။

ဒါပေမဲ့ . . .

ဆရာ ရောက်မလာဘူး ကိုဝေဇင်ရယ်။

နောက်မှ တွေ့ဖို့ မေးဖို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ မဖြစ်နိုင်တော့ဘူးလေ"

ပြုံးပြုံးလေး ပြောနေတဲ့ သူ့မျက်နှာထဲမှာ မျက်ရည်တွေ ဝဲနေတာကို ကျွန်တော် တအံ့တဩ တွေ့လိုက်ရတယ်။

စိတ်ကို အငြိမ်သက်ဆုံး ကျွန်တော် ထိန်းမတ်ထားပြီး . . .

"မသက်သက်စိုး"

"ဘာလဲ ကိုဝေဇင်"

"ဆရာဥတ္တရက အစိမ်း
ရောင်နှင်းဆီ ကဗျာစာအုပ်လေး
တော့ လူကြုံနဲ့ လက်ဆောင်ပေး
ခိုင်းထားတယ်"

နေ့စွဲရက်လွန် ကဗျာစာအုပ်လေးကို . . . သက်သက်စိုးရဲ့ လက်ထဲ ကျွန်တော် ထည့်လိုက်တယ်။

"ကျေးဇူး . . . ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



တင်ပါတယ်လို့ ပြောပေးပါ

ကိုဝေဇင်ရယ် . . . နော်”

မျက်ရည်စ,လေး တစ်စ,ကို လက်ချောင်းလှလှ
လေးနဲ့ တို့လိုက်ပြန်ပါတယ်။

ချစ်မျက်ရည်တစ်စက်ဟာ ငရဲမီးပဲ . . .

ဆိုတဲ့ သီချင်းစာသားတစ်ခုကို နားထဲမှာ ကြား
ယောင်လိုက်မိတယ်။

ရင်ထဲမှာ . . .

ဘာမှ မခံစားရအောင်

နေရတာဟာ

ခံစားနေရတာထက်

ဆိုးတယ်။

(ချစ်တယ် . . . လို့



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာကြီးကို အော်ပြောလိုက်ချင်တယ် မသက်သက်စိုးရယ်)။

◈

"အစိမ်းရောင် နှင်းဆီ" . . . ကဗျာစာအုပ်ထဲက နောက်ဆုံးစာမျက်နှာပါ ကဗျာတစ်ပုဒ်ဟာ သူ့ကို ရည်စူးပြီး ရေးဖွဲ့ခဲ့တာပါ . . . လို့ ကျွန်တော် မပြောဘဲ သူ့အလိုလိုကို သိအောင် တစ်ယောက်ယောက်က ပြောပြညွှန်းဆိုပေးကြရင် ဘယ်လောက်များ ကောင်းလိုက်မလဲ။

(မျက်ရည်မြစ်ကျဉ်း - ဆိုတဲ့ ကျွန်တော့်ကဗျာလေးဟာ မသက်သက်စိုးကို ရည်ညွှန်းဖွဲ့ဆိုခဲ့တာပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် . . .

ငိုကျွေးခွင့်ရှိရင် ငိုကျွေးပါရစေ၊ ငိုလိုက်ပါရစေ။)

◈ ❖◈❖ ◈

www.burmeseclassic.com

www.burmeseclassic.com

( ၁၁ )

www.burmeseclassic.com

www.burmeseclassic.com

မျက်ရည်မြစ်ကျဉ်း

စိတ်ကို ရွှေ့လျား

မေ့ထားရုံနဲ့၊

မေ့သွားရင်လည်း

အကောင်းသား။

www.burmeseclassic.com

www.burmeseclassic.com



မမေ့မမုန်း

တစ်နေ့လုံး . . . သူ၊

စိတ်ကိုယူငင်

ရင်တွင်ရစ်ဖွဲ့၊ နှောင်တွယ်နွဲ့ပြုံး

အလွမ်းဆုံး . . . မြစ်

လှော်ရင်းနစ်ပြီ။

မပျော်နေ့ည

မေ့မရလို့၊

တွေ့ကြတဲ့အခါ

သူမြင်သာအောင်၊

ကြင်နာအရိပ်၊ အလွမ်းစိတ်ကို

ပါးစပ်ပိတ်ထား၊ နှလုံးသားမှ

မျက်ရည်များဖြင့် ပြချင်တယ် . . .။

◈



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာလောက,မှာ . . .

အချစ်ရဲ့သီချင်းတိုင်းသာ ဂီတဖြစ်ခဲ့ရင် . . .

အချစ်ရဲ့ သီဆိုရာ သီချင်းတိုင်းသာ . . . သံစဉ်ဖြစ်ခဲ့ရင် . . .

အချစ်ရဲ့ သီဆိုရာ သီချင်းတိုင်းသာ အော်ဟာစ်သီကြူးခွင့်ရခဲ့ကြရင် . . .

ကြေကွဲခံစား မှိုသိပ်ထားတဲ့ နှလုံးသားတို့ရဲ့ စကားသံတွေ အခုလောက်ဆို ပျော်ရွှင်



www.burmeseclassic.com

www.burmeseclassic.com



မြူးတူးစွာ က,ခုန် နေကြလောက်ပြီ။

ဒါပေမဲ့ . . . မသက်သက်စိုးရယ်။

အချစ်ဟာ . . .

တစ်ခါတစ်ခါ . . .

အသံမဲ့တဲ့ သီချင်းမျိုးကိုသာ သီဆိုခွင့်ပြုခဲ့ပြန်တယ်လေ။

(ကျွန်တော့်ရင်ထဲက သီချင်း၊ ရင်ခွင်ချင်း နားလည်မှသာ သခင်ကြားသိနိုင်ပါစေ . . . )။

◈ ❖◈❖ ◈

လေးစားခင်မင်လျက်

မောင်လှမျိုး (ချင်းချောင်းခြံ)

2003 Apr 24

2: 05 (P.M)

www.burmeseclassic.com

www.burmeseclassic.com

ထွက်တော့မည်



# မိုးနီလွင်

# ကိုယ့်နှလုံးသားကို မုန်းသူများ

လုံး ချင်း ဝ တ္ထု သ စ်

အင်ဝါယာစာပေ

www.burmeseclassic.com